# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၄)ရက် ၊ စနေနေ့ ၊ (14-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ရတနာဆင်များရှင်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို

စာမျက်နှာ ၁၇ ကော်လံ ၁ ⚐

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၃**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အားကောင်းသော အပူပိုင်းမုန်တိုင်း "ဂူတစ်" (WUTIP)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၄ ရက်မှ ၁၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀






ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# သန့်စင်သောသွေးကို လိုအပ်ချိန်တွင် အချိန်မီရရှိစေရေး

လူတိုင်းအသက်ရှင်ရေးအတွက် သွေးကိုမရှိမဖြစ် လိုအပ်ပါသည်။ လူသားများအနေဖြင့် အမိဝမ်းတွင်းတွင် ပဋိသန္ဓေတည်စဉ် သန္ဓေသားအဆင့်၌ပင် စားပွဲတင်ဇွန်းသုံးဇွန်းမျှပမာဏရှိသော သွေးကို စတင်လိုအပ်လာပါသည်။ သိပ္ပံပညာများတိုးတက်နေသော်လည်း လိုအပ်သည့်အချိန်တွင် အလွယ်တကူ သန့်စင်သောသွေးကို အစားထိုးသုံးနိုင်ရေးအတွက် မစွမ်းဆောင်နိုင်သေးကြောင်း သိရသည်။ ထို့ကြောင့် သန့်စင်သောသွေးကို လိုအပ်နေသူများစွာရှိသော်လည်း အမှန်တကယ် သန့်စင်သောသွေးကို လက်ခံရရှိသူမှာ လွန်စွာနည်းပါးသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင် သန့်စင်သောသွေးကို အရေးပေါ်လိုအပ်နေသူများမှာ ထိခိုက်ဒဏ်ရာရ၍ အရေးပေါ် ကုသမှုခံယူရမည့်သူများ၊ ကလေးမွေးဖွားမည့် မိခင်များ၊ သွေးပုံမှန်သွင်းရန် လိုအပ်သော နာတာရှည်ဝေဒနာရှင်များသည် သွေးကိုအလိုအပ်ဆုံးသူများဖြစ်သည်။

သွေးလိုအပ်နေသူအတွက် သွေးလှူရာတွင် ပေးလှူချင်တိုင်းပေးလှူ၍မရပေ။ သွေးလှူဒါန်းလိုသည့် သွေးလှူရှင်တစ်ဦးတွင် ပြည့်စုံရမည့်အချက်များ ရှိပေသည်။ ၎င်းတို့မှာ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း ရှိသူ၊ အမျိုးသား ကိုယ်အလေးချိန်ပေါင် ၁၁၀ အထက်၊ အမျိုးသမီးကိုယ်အလေး ချိန်ပေါင် ၁၀၀ အထက် ရှိသူ၊ သွေးမလှူခင် အိပ်ရေးဝစွာ အိပ်စက်ထားသူ၊ အရက်သောက်သုံးခြင်း၊ လတ်တလောဓမ္မတာလာထားခြင်း မရှိသူ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်မဟုတ်သူ၊ လတ်တလော ရောဂါဝေဒနာမရှိသူ၊ လွန်ခဲ့သော ခြောက်လအတွင်း ဆေးမင်ကြောင်ထိုးခြင်း၊ နားဖောက်ခြင်း၊ အပ်စိုက်ကုထုံးခံယူထားခြင်း မရှိသူများဖြစ်ရမည်ဖြစ်ပါသည်။ သွေးလှူရှင်များအနေဖြင့် အထက်ပါအချက်များ ပြည့်စုံမှသာလျှင် မိမိတို့၏သွေးကို လိုအပ်နေသူများအတွက် ပေးလှူနိုင်မည်ဖြစ်ပါသည်။

လူတစ်ယောက်တွင် ယေဘုယျအားဖြင့် သွေးကိုးပိုင့်ခန့်ရှိပြီး တစ်ပိုင့်လျှင် မီလီမီတာ ၄၅၀ ခန့်ရှိကြောင်းသိရသည်။ သွေးတစ်ကြိမ်လှူတိုင်း သွေးအလှူရှင်ထံမှ မီလီမီတာ ၄၅၀ ခန့် ပမာဏရှိသော သွေးကို ဖောက်ထုတ်ရပါသည်။ ထိုပမာဏရှိသည့်သွေးသည် သွေးလိုအပ်သော လက်ခံသူလူနာ၏ အသက်တစ်ချောင်းကို ကယ်တင်ရာတွင် လွန်စွာထိရောက်မှုရှိပါသည်။ သွေးလှူရှင်ရှိမှ အသက်ဆက်ခွင့်ရမည့်သူများအတွက် ရက်ရောစွာသွေးလှူဒါန်းခြင်းကို “ဒါနဥပပါရမီ”ဟူ၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ လိုအပ်သောသွေးကို လှူဒါန်းမှုသည် ဇီဝိတဒါနမြောက်ကာ လူ့အသက်ကို ကယ်တင်ခြင်းပင်ဖြစ်သောကြောင့် မွန်မြတ်သောသွေးလှူရှင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇွန် ၁၄ ရက်ကို "ကမ္ဘာ့သွေးလှူရှင်များနေ့" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၅ ခုနှစ်ကစ၍ သတ်မှတ်ကာ ဂုဏ်ပြုကျင်းပလျက်ရှိသည်။

သွေးလှူခြင်းသည် သွေးလှူဒါန်းသူကာယကံရှင်အတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည်။ သွေးလှူဒါန်းသူသည် သွေးတစ်ပိုင့်လှူပြီးတိုင်း ကယ်လိုရီ ၆၅၀ခန့်လောင်ကျွမ်းခြင်း၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသည့်ကင်ဆာရောဂါများဖြစ်နိုင်ခြေ အလားအလာနည်းပါးခြင်း၊ နှလုံးရောဂါဖြစ်နိုင်မှုအလားအလာကို လျှော့ချပေးနိုင်ခြင်း စသောအကျိုးကျေးဇူးများဖြစ်ထွန်းစေကြောင်း ကျန်းမာရေးဆိုင်ရာလေ့လာမှုများတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ သွေးနှင့်အသက်ဆက်ရမည့် လူနာများအတွက် သန့်စင်သောသွေးလိုအပ်ချိန်တွင် အချိန်မီသန့်စင်သောသွေးကို ထုတ်ပေးနိုင်ရန်အတွက် သွေးလှူဘဏ်များတွင် သန့်ရှင်းလုံခြုံစိတ်ချရသောသွေးများ လုံလောက်စွာရှိနေရန် လိုအပ်ပါသောကြောင့် ပုံမှန်သွေးလှူဒါန်းနိုင်ကြစေရေးနှင့် ဆန္ဒအလျောက် လှူဒါန်းကြသည့် စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားလာစေရေးတို့အတွက် တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရှင်းသန့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက သီးထပ်ရင်စပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန် ဈေးကွက်ထဲကို ပြီးခဲ့တဲ့ မေလအတွင်းက သီးထပ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေးဒရဲမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ သီးထပ်ရင်စပါး အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါး အမျိုးအစားပါ။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများ နေလို့ တင်ပို့အားတက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကိုက စပါးက အဝယ် လိုက်နေပါတယ်''ဟု ဒေးဒရဲမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရှင်းသန့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လ အတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၄၅၀၀၀ ထိဈေး ပေါက်နေကြောင်း၊ အဆိုပါ စပါး များအရောင်းအဝယ် ကောင်းလာ သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေ လျက်ရှိကြောင်း ဒေးဒရဲမြို့ နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရှင်းသန့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် ၃၀ ပြည့်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန နှစ် ၃၀ ပြည့် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး ပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် ကိုးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ဆေးရုံအုပ်ကြီးဒေါက်တာဆန်းလွင်ဦးနှင့် ဆရာဝန်ကြီးများ တက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူရှင် ၇၁ ဦးကို သွေးလှူဘဏ် တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး၊ အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်၍ သွေးဖောက် လက်ခံနေမှုများ၊ သွေးလှူရှင်များက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အားဆေး၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်းနှင့် သွေးလှူရှင်များကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက သွေးအိတ်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၉၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ယင်းမာပင် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၉၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၈၀၆၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကနီမြို့နယ်တွင် ဧက ၄၆၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၀၅ ဧကနှင့် ပုလဲမြို့နယ်တွင် ၅၃၅ ဧက စုစုပေါင်း ဧက ၉၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်းဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးလျက် ရှိပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

နှမ်းကို တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန် အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် အထွက်နှုန်းနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)



ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ညောင်ရွှေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ရွှေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်ရွှေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ )လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကျောက်ဆည်မြို့နေ ဦးညီညီ+ဒေါ်သိန်းနု သန်းတစ်ရာဆီစက်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၆၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၃၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၃၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါးဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သရက် ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဇွန် ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မုဆိုးရင်ကျေးရွာ၌ အရှည်ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော်မတီစုဖွဲ့၍ ယခုနှစ် ဇွန် ၇ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မုဆိုးရင်ကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်၊ လူဦးရေ ၃၇၅ ဦးတို့၏ လယ်ယာများမှထွက်ရှိသည့် ဒေသထွက်ကုန်များဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဆက်လူ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေးကျား စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေကျားစပါး အမျိုးအစား တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ထိုင်းဘေးကျားစပါးအမျိုးအစား တင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ထိုင်းဘေးကျားစပါး အမျိုးအစား တင်းရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့မေလအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျား စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သွေးလှူဒါန်းခြင်းဖြင့် အသက်ကယ်ပါ

**ကံ့ကော်ဖြူ**




သွေးလှူခြင်းသည် အသက်ကယ်ခြင်းတစ်မျိုး ဖြစ်သောကြောင့် သွေးအလှူရှင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇွန်လ ၁၄ ရက်ကို "World Blood Donor Day-ကမ္ဘာ့သွေးလှူရှင်များနေ့"ဟု သတ်မှတ်ခဲ့ကြသည်။ လူတိုင်းအသက်ရှင်သန်နေထိုင်ရန် သွေးကို မရှိမဖြစ်လိုအပ်သည်။ သိပ္ပံပညာတိုးတက်နေသော်လည်း သွေးကိုတော့ အစားထိုး၍မရနိုင်သေးပါ။ သွေးလိုအပ်နေသူများအတွက် လုံခြုံစိတ်ချရသည့် သွေးရရှိရန် အလွန်အရေးကြီးသည်။ ကမ္ဘာ့အနှံ့အပြားတွင် သွေးအရေးပေါ် လိုအပ်နေသူအများအပြားရှိသည်။ ထိခိုက်ဒဏ်ရာရ၍ အရေးပေါ်ကုသမှုခံယူရမည်ဆိုပါက သွေးလိုသည်။ ကလေးမွေးမည့်မိခင်များလည်း အရေးပေါ်သွေးဆောင်ထားရန် လိုအပ်သည်။ သွေးပုံမှန်သွင်းရန်လိုအပ်နေသော နာတာရှည်ဝေဒနာရှင်များလည်း များစွာရှိသည်။ သန့်စင်သည့်သွေးကိုလိုအပ်နေသူများ အများကြီးရှိသော်လည်း အမှန်တကယ်ရရှိသူနည်းပါးသည်။

ဖွံ့ဖြိုးတိုးတက်ရန် ရုန်းကန်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျန်းမာရေးစနစ်သည် အားနည်းသေးသောကြောင့် သန့်စင်သောသွေးရရန် ပိုမိုခက်ခဲသည်။ တစ်ကမ္ဘာလုံး သွေးလှူဒါန်းမှု ၁၁၈ ဒသမ ၅ သန်းအနက်မှ ၄၀ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းနေထိုင်ရာ ဝင်ငွေမြင့်မားသော နိုင်ငံများတွင် ဖြစ်သည်။ လူ ၁၀၀၀ အခြေခံ၍သွေးလှူဒါန်းမှုတွင် ဝင်ငွေမြင့်နိုင်ငံများတွင် ၃၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဝင်ငွေအလယ်အလတ်ထက်မြင့်သောနိုင်ငံများတွင် ၁၆ ဒသမ ၄ရာခိုင်နှုန်း၊ ဝင်ငွေ အလယ်အလတ်အောက်နိမ့်သောနိုင်ငံများတွင် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဝင်ငွေနည်းနိုင်ငံများတွင် ငါးရာခိုင်နှုန်းရှိသည်။ ကမ္ဘာ့နိုင်ငံ ၇၉ နိုင်ငံတွင် သွေးထောက်ပံ့မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို စေတနာအလျောက် အခကြေးငွေမယူသော သွေးအလှူရှင်များထံမှ ရရှိသည်။

နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် သွေးထောက်ပံ့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို မိသားစုအစားထိုး သို့မဟုတ် အခပေးအလှူရှင်များထံမှရရှိသည်။ သွေးအလှူရှင် သုံးမျိုးရှိပြီး ၎င်းတို့မှာ အစားထိုးလှူဒါန်းသော မိသားစု သို့မဟုတ် မိတ်ဆွေသွေးအလှူရှင်များ၊ မိမိဆန္ဒအလျောက်အခကြေးငွေမယူဘဲ လှူဒါန်းသော သွေးအလှူရှင်များ၊ အခကြေးငွေဖြင့် လှူဒါန်းသော သွေးအလှူရှင်များဖြစ်သည်။

အမိဝမ်းတွင်း သန္ဓေသားလောင်းအဆင့်မှာပင် စားပွဲတင်ဇွန်းသုံးဇွန်းမျှပမာဏရှိသော သွေးသည် မရှိမဖြစ်လိုအပ်သည်။ သွေးသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သန့်စင်သည့်သွေးသည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတစ်ခုလုံး၌ အရေးကြီးဆုံးနေရာကပါဝင်ပြီး ခန္ဓာကိုယ်ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အဆင်ပြေပြေလည်ပတ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည်။ ဒါနပါရမီတွင် တစ်ပါးအပါအဝင်ဖြစ်သော ခန္ဓာကိုယ်အစိတ်အပိုင်း၏ သွေးအလှူ ခေါ် အတွင်းအလှူဖြင့် ရက်ရောစွာလှူဒါန်းခြင်းကို "ဒါနဥပပါရမီ" ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ သွေးနှင့်အသက်ဆက်ရသော သက်ရှိလူသားများအတွက် လုံလောက်သောသွေးရှိမှသာ ခန္ဓာဝန်ကို ထမ်းရွက်နိုင်ကြမည်ဖြစ်သည်။

သွေးတစ်ကြိမ်လှူတိုင်း သွေးအလှူရှင်ထံမှ မီလီလီတာ ၄၅၀ ခန့်ပမာဏရှိသောသွေးကို ဖောက်ထုတ်ရသည်။ ထိုပမာဏသည် အရွယ်ရောက်သူသွေးလှူရှင်တစ်ကိုယ်လုံးရှိ သွေးများ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ထိုသွေးကိုလက်ခံသူလူနာအတွက် အသက်တစ်ချောင်းကယ်တင်ရာ၌ အလွန်ထိရောက်သည်။ သွေးမီလီလီတာ ၄၅၀ လှူလိုက်ပါက သွေးအရည် (ပလာစမာ) ထုထည် ၇ ဒသမ ၁၃ ရာခိုင်နှုန်းကျသွားသည်။ သွေးလှူပြီးနောက် ၂၄ နာရီမှ ၄၈ နာရီအတွင်း ထုထည်အရည်ပြည့်လာသည်။ သွေးနီဥများသည် နောက် ၅၆ ရက်တွင် ပြန်ပြည့်လာပြီး နောက်ထပ်တစ်ကြိမ်သွေးလှူရန်အတွက် ပျမ်းမျှအချိန် သုံး၊ လေးလ စောင့်ရသည်။

သွေးအလှူရှင်ရှိမှ အသက်ဆက်ခွင့်ရသောလူနာများသည် အရေးပေါ်ထိခိုက်ဒဏ်ရာရလူနာများ၊ ခွဲစိတ်ခန်းဝင်နေသောလူနာများ၊ သွေးမတိတ်ရောဂါဝေဒနာသည်များ၊ နာတာရှည်သွေးအားနည်းရောဂါရှိသူများ၊ ရိုးတွင်းခြင်ဆီအစားထိုးကုသခံလူနာများ၊ မွေးကင်းစအသားဝါရင်သွေးငယ်ကလေးများ စသည်တို့ဖြစ်သည်။

သွေးလှူပါက လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်ရုံမျှသာမက သွေးအလှူရှင်အတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သွေးလှူပြီးနောက် ထပ်မံဖြည့်စွက်စားသောက်ရသည့် အားဖြည့်စာများကြောင့် ပိုမိုကျန်းမာလာစေခြင်း၊ ကိုလက်စထရောကျစေခြင်း၊ သွေးလှူလိုက်ခြင်းကြောင့် တစ်ပါးသူအသက်ကို ကယ်ဆယ်နိုင်သဖြင့် ပရဟိတအကျိုးသယ်ပိုးလိုသည့်စိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်တတ်သောစိတ်ဓာတ်များတိုးပွားလာစေသည်။ သွေးအလှူရှင်တစ်ဦးသည် သွေးတစ်ပိုင့်(မီလီလီတာ ၄၅၀)လှူပြီးတိုင်း အလှူရှင်၏ခန္ဓာကိုယ်မှ အဆီကယ်လိုရီ ၆၅၀ ခန့်လောင်မြိုက်သွားစေသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အကျိုးဖြစ်ထွန်းစေသည်။ ထို့ပြင် သွေးလှူပြီးနောက် ဆုံးရှုံးသွားသော သွေးနီဥများကို ရိုးတွင်းခြင်ဆီမှ ၄၈ နာရီအတွင်း ပြန်လည်ထုတ်လုပ်ပေးသောကြောင့် တစ်လ သို့မဟုတ် နှစ်လခန့်အကြာတွင် ပုံမှန်သွေးနီဥပမာဏ ပြည့်ဝလာပြီး သွေးသစ်လောင်းစေကာ ခန္ဓာကိုယ်လန်းဆန်းစေ၍ တက်ကြွမှုဖြစ်စေခြင်း၊ ပုံမှန်သွေးလှူခြင်းကြောင့် မိမိ၏ သွေးဖိအား အနည်း၊ အများ၊ သွေးပေါင်ချိန် အတက်၊ အကျနှင့် HIV ပိုး၊ ကာလသားရောဂါ၊ အသည်းရောဂါတို့ကဲ့သို့သောရောဂါများကိုပါ စစ်ဆေးပြီးသားဖြစ်ခြင်းတို့အပြင် သွေးဖောက်ထုတ်လှူဒါန်းလိုက်ခြင်းကြောင့် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသည့်ကင်ဆာရောဂါများဖြစ်နိုင်ခြေအလားအလာနည်းပါးကြောင်း အမေရိကန်ရှိ Miller-Keystone သွေးစင်တာက အကြံပြုထားပြီး အမေရိကန်ဆေးသိပ္ပံပညာရှင်များ၏ ဆန်းစစ်ချက်အရ သွေးပုံမှန်လှူဒါန်းသောအမျိုးသားများတွင် နှလုံးရောဂါဖြစ်နိုင်မှုအလားအလာ ၈၈ ရာခိုင်နှုန်း လျော့ကျနိုင်ပြီး နှလုံးကြောင့် လေဖြတ်ခြင်းအလားအလာကို ၃၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိထားသည်။

သွေးအလှူရှင်တစ်ဦးသည် သွေးလှူဒါန်းမည်ဆိုပါက အသက် ၁၇ နှစ်ပြည့်ပြီးဖြစ်ရမည်။ အချို့နေရာများတွင် ၁၆ နှစ်ပြည့်လျှင် လှူဒါန်းနိုင်သည်။ ထို့ပြင် အပေါ်သွေးဖိအား BP ၁၂၀ ထက် မကျော်စေရ၊ အောက်သွေးဖိအား BP ၈၀ ထက်မနည်းစေရပါ။ သွေးလှူမည့်သူသည် အသက် ၅၀ ထက် မကြီးစေရပါ။ ကိုယ်အလေးချိန် ၄၅ ကီလိုထက်မနည်းစေရဘဲ ကိုယ်အပူချိန် ၉၉ ဒသမ ၅ ဒီဂရီဖယ်ရင်ဟိုက်ထက် မကျော်စေရပါ။ သွေးမလှူမီ Hemocrit စစ်သည့်အခါ ပုံမှန်ထက် ၃၈ ရာခိုင်နှုန်းအောက်နည်းနေလျှင် မလှူသင့်ပါ။ ကိုယ်ဝန်ဆောင်နေပါက မွေးဖွားပြီးနောက် ခြောက်လစောင့်ရသည်။ ကလေးနို့တိုက်နေသူ၊ လတ်တလော ကိုယ်ဝန်ပျက်ထားသူ မလှူသင့်ပါ။ သွေးလှူရှင်သည် နေမကောင်းပါက မလှူသင့်ပါ။ အရက်သောက်ပြီးနောက် ၄၈ နာရီ စောင့်ရသည်။ သွေးမလှူမီ (သုံးနာရီကြိုတင်ပြီး) ထမင်းစားသင့်သည်။ ပြီးခဲ့သည့်ခြောက်လအတွင်း ခွဲစိတ်ကုသမှုအကြီးစားလုပ်ထားရသူ မလှူရပါ။ ခွေးကိုက်ခြင်းခံရပြီး အရေပြားစုတ်ပြဲသွားပါက ၁၂ လစောင့်ရသည်။ ဆီးချိုထိုးဆေး(အင်ဆူလင်)ထိုးထားပါက နှစ်ပတ်ကြာမှ လှူသင့်သည်။

သွေးလှူမည့်သူသည် မည်သည့်အစာမျှ စားထားခြင်းမရှိဘဲ သွေး(လုံးဝ)မလှူသင့်ပါ။ အာဟာရပြည့်ဝမည့်အစာတစ်ခုခုကို သွေးမလှူမီ နှစ်နာရီ၊ သုံးနာရီခန့်ကြိုတင်၍ သွေးတွင်းအာဟာရပြည့်စေရန် ဆီးသီးခြောက်၊ မက်မန်းသီး၊ မက်မွန်သီး၊ သဖန်းသီး၊ ကတွတ်သီး၊ ခရမ်းချဉ်သီး၊ ကြက်၊ ဝက်၊ ဆိတ်၊ အမဲတို့၏ အသည်း၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ စသည်တို့ကို များများစားပေးသင့်သည်။

သွေးလှူပြီးနောက် ရေ သို့မဟုတ် အရည် (အရက်ကလွဲပြီး) လေးခွက်(ရှစ်အောင်စ)ပိုသောက်ခြင်း၊ ခန္ဓာကိုယ်ထဲတွင် ရေနှင့်သကြားဓာတ်ခန်းခြောက်မှုမရှိစေရန် သွေးလှူပြီးပြီးချင်း အသီးဖျော်ရည်နှင့် မုန့်အချိုတစ်ခုခုကို ချက်ချင်းစားပေးခြင်း၊ သွေးလှူခြင်းကြောင့် ကုန်ဆုံးသွားသောသွေးနီဥများကို အစားပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ၎င်းဓာတ်ကြွယ်ဝစွာပါရှိသော တိရစ္ဆာန်များ၏ အသည်း၊ ပဲအမျိုးမျိုး၊ ကညွတ်၊ ဟင်းနုနယ်ရွက် အပါအဝင် အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များနှင့် အညိုရောင်ဂျုံ၊ ပေါင်မုန့်တို့ကို စားပေးခြင်းပြုလုပ်ပေးရမည်။ ကော်ဖီ၊ ကိုလာစသည့် ကဖိန်းဓာတ်ပါသောအရည်များသည် ဆီးရွှင်စေသောကြောင့် သွေးလှူပြီး ရှစ်နာရီမှ ၁၀ နာရီအတွင်း ၎င်းအရည်များကို(လုံးဝ)မသောက်သင့်ပါ။ ဥ၊ အာလူး၊ ၄က်ပျောသီး၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ ငါး၊ နို့နှင့်ထောပတ်၊ ပူတင်း၊ ချိစ်ကဲ့သို့သော နို့ထွက်ပစ္စည်းကလည်း သွေးနီဥများကို ပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် များများစားသုံးပေးသင့်သည်။

သွေးလှူရှင်တွင် ဘီပိုး၊ စီပိုး၊ HIV ပိုး၊ ကာလသားရောဂါ၊ ၄က်ဖျားရောဂါ စသည်တို့ကင်းစင်နေမှသာ လှူဒါန်းခွင့်ရှိပြီး သွေးလှူခါနီးတွင်လည်း သွေးပေါင်ချိန်ပုံမှန်ဖြစ်နေရမည်ဖြစ်သည်။ ထို့ပြင် လိင်ဆက်ဆံဖော်များသူ၊ ပဋိဇီဝသောက်ဆေးကို သောက်သုံးနေရသူ၊ ဆစ်ဖလစ်ရောဂါပိုးရှိသူ၊ မူးယစ်ဆေးစွဲနေသူ၊ အသားဝါ၊ ရှုဘဲလားရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ၄က်ဖျားရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါနှင့် ပန်းနာရောဂါရှိသူများသည် သွေးမလှူသင့်ပါ။ သွေးလှူချိန်ကြားကာလတွင် တစ်ကြိမ်နှင့်တစ်ကြိမ် အနည်းဆုံးနှစ်လရှိမှသာ သွေးလှူရှင်၏ နောက်ဆက်တွဲကျန်းမာရေးအတွက် စိတ်ချရမည်ဖြစ်သည်။

သန့်စင်ပြီး ရောဂါပိုးကင်းရှင်းသည့်သွေးသည် လူပေါင်းများစွာ၏ အသက်ကိုကယ်တင်ပေးနိုင်စွမ်းရှိသည်။ သွေးလှူဒါန်းခြင်းသည် မိမိပိုင်ဆိုင်သော

**❖သွေးလှူပါက လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်ရုံမျှသာမက သွေးအလှူရှင်အတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သွေးလှူပြီးနောက် ထပ်မံဖြည့်စွက်စားသောက်ရသည့်အားဖြည့်စာများကြောင့် ပိုမိုကျန်းမာလာစေခြင်း၊ ကိုလက်စထရောကျစေခြင်း၊ သွေးလှူလိုက်ခြင်းကြောင့် တစ်ပါးသူအသက်ကို ကယ်ဆယ်နိုင်သဖြင့် ပရဟိတအကျိုးသယ်ပိုးလိုသည့်စိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်တတ်သောစိတ်ဓာတ်များ တိုးပွားလာစေသည်။ ❖**

အတွက် စားထားပေးရမည်ဖြစ်သည်။ လေးလတစ်ကြိမ် ပုံမှန်သွေးလှူနေကျဖြစ်ပါက သွေးမလှူမီ ရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့်ကြိုတင်၍ သံဓာတ်ကြွယ်ဝစွာပါဝင်သောအစားများကို စားသုံးသင့်သည်။ သံဓာတ်သည် သွေးထဲမှအောက်ဆီဂျင်ကို ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်များဆီသို့ သယ်ဆောင်ပေးသောကြောင့် လှူလိုက်သည့်သွေးထဲတွင် ၎င်းသံဓာတ်များပါသွားပြီး အားနည်းခြင်း၊ မောပန်းခြင်းများဖြစ်တတ်သည်။ ထို့ကြောင့် သံဓာတ်ဖြည့်စွက်စာအဖြစ်ပစ္စည်းဥစ္စာထက် မိမိ၏ခန္ဓာကိုယ်ရှိသွေးကို လှူဒါန်းရခြင်းဖြစ်သောကြောင့် အလွန်မွန်မြတ်သောစွန့်လွှတ်လှူဒါန်းမှုတစ်ရပ်ဖြစ်ပါ၍ ကျန်းမာရေးကောင်းမွန်ပြီး သွေးလှူရန်သင့်လျော်သူများအနေဖြင့် သွေးမှန်မှန်လှူဒါန်းကြရန် တိုက်တွန်းလိုပါသည်။ ရခဲလှသောလူ့ဘဝတွင် ပုထုဇဉ်လူသားအချင်းချင်း မိမိသွေးဖြင့်အသက်ကယ်တင်ကြပါရန် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံဧက ၁၁၅၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၆၇၇ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ်ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

## သံဖြူဇရပ်မြို့နယ် ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် ဇွန် ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်း အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မိုးသီတာမင်းနှင့် ဝန်ထမ်းများက ကဒါတ်ထောက်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မိုးသီတာမင်းက ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်မိုးသီတာမင်း၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကဒါတ်ထောက်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၆ ဒသမ ၁ သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

## ကမ္ဘာ့သွေးလှူရှင်များနေ့

– လူသားအချင်းချင်း ဖေးကူကာ
သွေးလှူပါ ဘာသာမရွေး၊
အသက်သည် သွေးဖြစ်လို့
သွေးသည်က အသက်
မပျက်လှူပေး။

– မွန်မြတ်သဒ္ဒါ အကြင်နာပေးလို့
ရင်မှသွေး ဒါနအလှူ၊
လူတိုင်းမလုပ်နိုင် စေတနာတရားက
ပြိုင်ရှားဇမ္ဗူ၊
ပေးဆပ်လျက် မငြူစူ
အမည်းအဖြူ မခွဲခြား၊
သူ့စေတနာ အံ့မခန်းတယ်
စွမ်းသည့်လူသား။

– သွေးလှူရှင် ဂုဏ်ပြုငြား
သတ်မှတ်ထား အချိန်ခါ၊
ကမ္ဘာ့နိုင်ငံ စုစည်းလို့
ညီညွတ်မှုပါ၊
တစ်ဆယ့်လေးရက် ဇွန်လမှာ
ရက်မြတ်အခါ သတ်မှတ်ပေး၊
နှလုံးသားဖွေးဖြူ
အပြုံးများနှင့်ဖေးကူ အများသာစုမို့
ဂုဏ်ပြုစို့လေး။ ။

ရွှေတိုး(ထုံးဘို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အီရန်နျူကလီးယားပစ်မှတ်များကို အစ္စရေးတိုက်ခိုက်

ဂျေရုဆလင် ဇွန် ၁၃

အစ္စရေးနိုင်ငံသည် ယနေ့တွင် အီရန်နိုင်ငံအတွင်းရှိ နျူကလီးယား အဆောက်အအုံများ၊ ဒုံးကျည်တည်ဆောက်ရေးစက်ရုံများနှင့် အီရန် စစ်ခေါင်းဆောင်များကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့အကြီးအကဲ ဟောဆိန်းဆာလာမိနှင့် အီရန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်မိုဟာမက်ဘာဂါရီ အပါအဝင် အီရန်တပ်မတော်ထိပ်တန်းခေါင်းဆောင်များ သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံကလည်း ယနေ့မှာပင် မောင်းသူမဲ့လေယာဉ်အစင်း ၁၀၀ ကျော်ဖြင့် အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့သည်။

ယနေ့လေကြောင်းတိုက်ခိုက်မှုသည် နျူကလီးယားလက်နက်များ အီရန်နိုင်ငံတည်ဆောက်မည့် အရေးကို တားဆီးရေးအတွက် ဆင်နွှဲမည့် ရေရှည်စစ်ဆင်ရေး၏ ရှေ့ပြေးဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် အီရန်တို့ကြား စစ်ရေးပဋိပက္ခကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ အနေဖြင့် အစ္စရေး၊ အီရန်၊ အီရတ်နှင့် ဂျော်ဒန်လေပိုင်နက်များကို ရှောင်ရှားပျံသန်းနေကြရကြောင်းသိရသည်။

ယနေ့လေကြောင်းတိုက်ခိုက်မှုများတွင် အစ္စရေးတိုက်လေယာဉ် အစင်း ၂၀၀ ပါဝင်ခဲ့ပြီး အီရန်ပစ်မှတ်ပေါင်း ၁၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်နျူကလီးယား သိပ္ပံပညာရှင် ခြောက်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲ ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်

တိုကျို ဇွန် ၁၃

ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲများကို လာမည့် ဇူလိုင် ၂၀ ရက်တွင်ကျင်းပရန် ဝန်ကြီးချုပ် အီရှီဘာဦးဆောင်သည့် ဂျပန်အစိုးရက စီစဉ်ထားကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် ဇွန် ၂၂ ရက်တွင် ပြီးဆုံးမည့် လက်ရှိလွှတ်တော် အစည်းအဝေး ရာသီအတွင်း အောက်လွှတ်တော်ကို ဖျက်သိမ်းရန်လည်း အစီအစဉ်မရှိကြောင်း ဂျပန်မီဒီယာများ၏ အဆိုအရ သိရသည်။

အထက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်လှုပ်ရှားမှုများကို နိုင်ငံရေးပါတီများအနေဖြင့် ဇူလိုင် ၃ ရက်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အထက်လွှတ်တော်ရွေးကောက်ပွဲသည် ဝန်ကြီးချုပ် အီရှီဘာ ဦးဆောင်သည့် လက်ရှိဂျပန်အစိုးရ ဆက်လက်ရပ်တည်ရေးအတွက် အရေးကြီးသည့် ရွေးကောက်ပွဲ ဖြစ်သည်။

ဝန်ကြီးချုပ်အီရှီဘာဦးဆောင်သည့် လက်ရှိအာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ညွန့်ပေါင်းအုပ်စုမိတ်ဖက် ကိုမိအီတိုပါတီတို့အနေဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ကျင်းပခဲ့သော အောက်လွှတ်တော်ရွေးကောက်ပွဲ၌ လွှတ်တော်အမတ်နေရာအများစုဖြင့် လွှတ်တော်ကို ထိန်းချုပ်နိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ဂျပန်ဝန်ကြီးချုပ် ရာထူးကို အီရှီဘာရရှိခဲ့ပြီး မကြာမီမှာပင် အောက်လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရေချပွဲ၌ပျက်စီးခဲ့သော တန် ၅၀၀၀ စစ်သင်္ဘောသစ်ကို မြောက်ကိုရီးယား ပြန်လည်ရေချမှုအောင်မြင်



ပြုံယမ်း ဇွန် ၁၃

ပြီးခဲ့သည့်လက ကျင်းပခဲ့သော ရေချပွဲ၌ ပျက်စီးခဲ့ရသော တန် ၅၀၀၀ စစ်သင်္ဘောကို မြောက်ကိုရီးယားနိုင်ငံက ဇွန် ၁၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ရေချခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ကန်ကွန်းဟူ၍ အမည်ပေးထားသော အဆိုပါစစ်သင်္ဘောသစ် ရေချပွဲကို ရာဂျင်သင်္ဘောကျင်း၌ ကျင်းပခဲ့ရာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း ကေစီအင်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ရေချပွဲမတော်တဆမှုဖြစ်ပွားခဲ့ပြီး ရက်သတ္တနှစ်ပတ်တာကာလအတွင်း မိမိတို့အနေဖြင့် ပျက်စီးခဲ့သောစစ်သင်္ဘောကို ပြန်လည်ပြုပြင်ထိန်းသိမ်း၍ အောင်မြင်စွာ ပြန်လည်ရေချ နိုင်ခဲ့ကြောင်း ကင်ဂျုံအန်က စစ်သင်္ဘောသစ်ရေချပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်မေလအတွင်း ကန်ကွန်း စစ်သင်္ဘောသစ်ကို ချောင်ဂျင်းမြို့ သင်္ဘောကျင်း၌ ရေချခဲ့ရာ မတော်တဆမှု တစ်ရပ်ကြောင့် ရေချမှုမအောင်မြင်ခဲ့ဘဲ သင်္ဘောဝမ်းဗိုက်ပိုင်းပျက်စီးခဲ့ရသည်။

ယင်းဖြစ်စဉ်အတွက် မြောက်ကိုရီးယားအစိုးရက တာဝန်ရှိသူ လေးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် လာမည့်နှစ်အတွင်း တန် ၅၀၀၀ စစ်သင်္ဘောသစ်နှစ်စီး ထပ်မံတည်ဆောက်ရေး အစီအစဉ်ကိုလည်း အတည်ပြုထားကြောင်း သိရသည်။ Ref : RT

Trs : KKO

## အိန္ဒိယခရီးသည်တင်လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၂၄၀ကျော်ရှိပြီး တစ်ဦးအသက်ရှင်လွတ်မြောက်

ဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံတောင်ပိုင်း အမီဒါဘတ်မြို့၌ ဇွန် ၁၂ ရက်တွင် ဖြစ်ပွားခဲ့သော အဲအင်ဒီးယား လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၄၀ ကျော်ထိ ရှိလာကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပျက်ကျခဲ့သည့် ဘိုးအင်း ၇၈၇-၈ ဒရမ်းလိုင်နာ ခရီးသည်တင်လေယာဉ်ပေါ် လိုက်ပါလာသူ ၂၄၂ ဦးအနက် တစ်ဦးသာအသက်ရှင်လွတ်မြောက်ခဲ့ပြီး ကျန်လိုက်ပါလာသူအားလုံး သေဆုံးခဲ့သည်။

ယင်းအပြင် အဆိုပါလေယာဉ်သည်အမီဒါဘတ်မြို့ဆေးကောလိပ်ကျောင်းသားဆောင် များပေါ်သို့ ပျက်ကျခဲ့ရာ မြေပြင်တွင်လည်း သေဆုံးသူ ၂၄ ဦးထိ ရှိကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အိန္ဒိယ ရှာဖွေကယ်ဆယ်ရေး သမားများသည် လေယာဉ်ပျက်ကျခဲ့ရာနေရာရှိ အဆောက်အအုံများအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

၎င်း ခရီးသည်တင်လေယာဉ်သည် လန်ဒန်မြို့သို့ သွားရောက်ရေးအတွက် အမီဒါဘတ်လေဆိပ်မှ ပျံတက်ခဲ့ပြီး တစ်မိနစ်ခန့်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် ခရီးသည်တင် လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ နှစ်ခုအနက်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။ Ref : Xinhua

Trs : KKO

## ကွန်ဂိုနိုင်ငံ၌ ရေယာဉ်နှစ်စီးတိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ၃၂ ဦးသေဆုံး၍ အများအပြားပျောက်ဆုံး

ကင်ရှာဆာ ဇွန် ၁၃

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အီကွေတာပြည်နယ်၌ ခရီးသည် စုစုပေါင်း ၁၀၀ကျော်တင်ဆောင်ထားသည့် ရေယာဉ်နှစ်စီး တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၃၂ ဦး သေဆုံး၍ အများအပြား ပျောက်ဆုံးနေကြောင်း သိရသည်။



အဆိုပါရေယာဉ်တိမ်းမှောက်မှုများသည် ဇွန် ၁၁ ရက်တွင် လိုတိခ်တမ်ဘာ ရေအိုင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းရေယာဉ် နှစ်စီးသည် ရာသီဥတုအခြေအနေ မကောင်းသော်လည်း ခရီးသည်နှင့်ကုန်စည်များကို အပြည့်တင်ဆောင်၍ လိုတိခ်တမ်ဘာရေအိုင်အရှေ့ဘက် ကမ်းရိုးတန်းရှိ ဘီကိုရိုဆိပ်ကမ်းမှ ထွက်ခွာခဲ့ကြကြောင်း ကွန်ဂို တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းရေယာဉ် နှစ်စီးသည် မိုးရွာနေချိန် လှိုင်းများကြီးလာမှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ကွန်ဂို ရှာဖွေကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေကြခြင်း ဖြစ်သည်။

သွားလာရေးအတွက် ကုန်းလမ်းထက်ရေလမ်းကို ပိုမိုအားပြုနေရသည့် ကွန်ဂိုနိုင်ငံ၌ ရေယာဉ်များ ဝန်ပိုတင်ဆောင်မှုကြောင့် ရေကြောင်း မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံသစ် ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်မှုကို ဩဂုတ် ၁၅ ရက်တွင် လွှတ်တင်မည်




**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံသစ် ဒုတိယ အကြိမ် စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် ဩဂုတ် ၁၅ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်သတင်းများအရ သိရသည်။

New Glenn ဒုံးပျံသည် တစ်ဖန် ပြန်လည်အသုံးပြုနိုင်သော ပထမ အဆင့် ပင်မဒုံးယာဉ်ကို ထည့်သွင်း တည်ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင်တွင် New Glenn ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်မှု မရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် New Glenn ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ သယ်ဆောင်ထားသော စမ်းသပ်ဂြိုဟ်တုကို ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

ဒုတိယအကြိမ် စမ်းသပ်လွှတ်တင်မှုတွင် New Glenn ဒုံးပျံသည် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE မစ်ရှင်ဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်သွားဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ ပုံမှန်စားသူများ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်မား

**လန်ဒန် ဇွန် ၁၃**

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများကို ပုံမှန်စားသုံးသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ၌ ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြု ဗက်တီးရီးယားများ စုဖွဲ့မှုပုံစံပျက်ပြားကာ ထိခိုက်ပျက်စီးသွားနိုင်ပြီး ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပါကင်ဆန်ရောဂါလူနာများသည် ကျန်းမာရေးပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက အစာခြေလမ်းကြောင်းစနစ်ဗက်တီးရီးယား အမျိုးအစားပိုနည်းပါးကြောင်း သိရသည်။

သို့ဖြစ်ရာ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ စုဖွဲ့မှုပုံစံကို ထိန်းထားရေးအတွက် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ ပုံမှန်စားသုံးမှုကို လျှော့ချခြင်းဖြင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပါကင်ဆန် လူနာများတွင် ၎င်းရောဂါနှင့် ဆက်စပ်နေသည့် ဗက်တီးရီးယား အမျိုးအစားများ အစာခြေလမ်းကြောင်းစနစ်၌ စုဖွဲ့မှုမှာလည်း ပုံမှန်ထက်မြင့်မားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## မွန်ဂိုလီးယား၌ တူးဖော်တွေ့ရှိထားသည့် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးက တိုင်ရန်နိုဆောရပ်စ်ရက်စ်များ၏ ရှေ့ပြေးဖြစ်နိုင်

**အော့တဝါ ဇွန် ၁၃**

မွန်ဂိုလီးယားနိုင်ငံ၌ တူးဖော်တွေ့ရှိထားသည့် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးမှာ တိုင်ရန်နိုဆောရပ်စ်ရက်စ်များ၏ ရှေ့ပြေးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ ၏ အဆိုကိုကိုးကား၍ ဇွန် ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၆ သန်းရှိပြီဖြစ်သော အထက်ပါ ဒိုင်နိုဆောမျိုးစိတ်သစ်ကျောက်ဖြစ်ရုပ်ကြွင်းကို Khankhuuluu Mongoliensis ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Khankhuuluu Mongoliensis ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအလျား ၁၃ ပေခန့်ရှိပြီး ကိုယ်အလေး ချိန်ကီလို ဂရမ် ၇၅၀ ထိရှိကြောင်း ကနေဒါနိုင်ငံ ကယ်ဂါရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ခရီးတေးစီးယပ်စ် ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသော Khankhuuluu Mongoliensis များသည် တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများ၏ ရှေ့ပြေးဖြစ်ပြီး တိုင်ရန်နိုဆောရပ်စ်များထက် နှစ်ပေါင်းသန်း ၂၀ ပို၍ရှေးကျကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Khankhuuluu Mongoliensis များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၇၀ ပြည့်နှစ်ကာလများကပင် တူးဖော်တွေ့ရှိခဲ့သော်လည်း ယခုမှသာ သိပ္ပံပညာရှင်များအနေဖြင့် အပြည့်အဝလေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ Khankhuuluu Mongoliensis များသည် ခြေထောက်နှစ်ချောင်းကို အားပြုသွားလာတတ်သော အသားစားဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## HIV ကာကွယ်ရေးထိုးဆေးသစ်တစ်မျိုး ယခုလကုန်ပိုင်းတွင် FDA အတည်ပြုဖွယ်ရှိ

**နယူးယောက် ဇွန် ၁၃**

ခုခံအားစနစ်ကျဆင်းမှုရောဂါပိုး‌ရပ်(HIV)ကာကွယ်ရေးထိုးဆေးသစ်တစ်မျိုးကို သုံးစွဲခွင့်ပေးရေးအတွက်အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA)က ယခုလကုန်ပိုင်းတွင် အတည်ပြုချက်ပေးဖွယ်ရှိကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

Lenacapavir အမည်ရှိ အဆိုပါ HIV ကာကွယ်ဆေးသည် Gilead Sciences ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။

အကယ်၍ FDA ၏ သုံးစွဲခွင့် အတည်ပြုချက် ရရှိခဲ့ပါက Lenacapavir ထိုးဆေးသည် HIV ဗိုင်းရပ်ကာကွယ်ရေးလုပ်ငန်းစဉ်အတွက် အရေးပါသည့် ကာကွယ်ဆေးတစ်မျိုးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

Gilead Sciences ကုမ္ပဏီသည် တစ်နှစ်လျှင်နှစ်ကြိမ်သာ ထိုးနှံရန်လိုအပ်သော Lenacapavir ထိုးဆေးကို အမျိုးသမီးများ၊ မိန်းကလေးငယ်များဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ရာ HIV ဗိုင်းရပ်ကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ကြောင်း သိရသည်။

Lenacapavir ထိုးဆေးကို အသုံးပြုခွင့်ရခဲ့ပါက HIV ကာကွယ်ရေးသောက်ဆေးများ နေ့စဉ်သုံးစွဲနေရမှုကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် Lenacapavir ထိုးဆေးသည် HIV ကြိုတင်ကာကွယ်ရေးဆေးများ သုံးစွဲမှုကို မြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ကြောင်း Gilead Science ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**




## Rocket Lab ကုမ္ပဏီက QPS-SAR-11 ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် QPS-SAR-11 အမည်ရှိ ကမ္ဘာဂြိုဟ်လေ့လာရေး ဂြိုဟ်တုတစ်စင်းကို ဇွန် ၁၁ ရက်က လွှတ်တင်ခဲ့ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် ဂျပန်အခြေစိုက် iQPS ကုမ္ပဏီ၏ QPS-SAR-11 ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုကို အီလက်ထရွန် ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၁ မိနစ်ခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် QPS-SAR-11 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၃၇၅ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

QPS-SAR-11 ဂြိုဟ်တုသည် iQPS ကုမ္ပဏီ၏ ၁၁ စင်းမြောက် ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

iQPS ကုမ္ပဏီသည် ၎င်း၏ ကမ္ဘာဂြိုဟ် လေ့လာရေးဂြိုဟ်တုကွန်ရက်ကို QPS-SAR ဂြိုဟ်တု၃၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားသည်။

ဇွန် ၁၁ ရက် QPS-SAR-11 မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ အဋ္ဌမမြောက် အာကာသမစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၁၆ ခုမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

QPS-SAR-11 ဂြိုဟ်တုသည် အီလက်ထရွန်ဒုံးပျံများဖြင့် လွှတ်တင်ခဲ့သည့် ၂၂၇ စင်းမြောက် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

နိုင်ငံတကာ

**အားကစားသတင်းများ**

## အိုလံပီယာကို့စ်တိုက်စစ်မှူး ကိုစတူလက်စ်ကို ယူရို ၃၅ သန်းဖြင့် ဘရိုက်တန်အသင်းခေါ်ယူ

**လန်ဒန် ဇွန် ၁၃**

ဘရိုက်တန် အသင်းသည် အသင်းတိုက်စစ်ပိုင်းဖြည့်တင်းရန်အတွက် နွေရာသီအပြောင်းအရွှေ့ ပထမကာလကတည်းက အိုလံပီယာကို့စ် တိုက်စစ်မှူး ကိုစတူလက်စ်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ယခုအခါ ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုတွင် ကစားသမားအတွက် ယူရို ၃၅ သန်း ပေးချေရမည့်အပြင် ကစားသမားအတွက် အပိုဆုကြေး ယူရိုနှစ်သန်းပါရှိသကဲ့သို့ လာမည့် ဇူလိုင် ၁ ရက်တွင် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီကအိုလံပီယာကို့စ် အသင်းအတွက် ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဖလားနှင့် လိဂ်ဖလားရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းနှင့် ရှစ်ပွဲကစားခဲ့ရာ၌ သွင်းဂိုး ငါးဂိုး သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

နည်းပြဟာဇီလာက "ကိုစတူလက်စ်ဟာ ဥရောပရဲ့ အကောင်းဆုံးလူငယ်ကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူဟာ အသင်းတိုက်စစ်ပိုင်းမှာ ခြားနားတဲ့ ပုံစံမျိုးနဲ့ အကျိုးပြုနိုင်တဲ့ ကစားသမားပါ။ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားဖို့ ဆုံးဖြတ်ခဲ့လို့ ကျွန်တော့်အနေနဲ့ စိတ်လှုပ်ရှားမိပါတယ်။ သူ့အနေနဲ့ အသင်းကို ဘယ်လိုအကျိုးပြုနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘရိုက်တန်အသင်းသည် တိုက်စစ်မှူး ကိုစတူလက်စ်အပါအဝင် ဆန်းဒါးလန်းအသင်းမှ တောင်ပံကစားသမား ဝက်စတွန်၊ တောင်ကိုရီးယားလူငယ်ကစားသမား ယွန်ဒိုယောင်းတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**




## ပီအက်စ်ဂျီအသင်းက အိမ်ကွင်းကို အဆင့်မြှင့်တင်ရန် ခွင့်ပြုချက်မရပါက တစ်ဘီလီယံအကုန်ကျခံ၍ ကွင်းသစ်တည်ဆောက်မည်ဟုဆို




**ပဲရစ် ဇွန် ၁၃**

ပြင်သစ် ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းက လက်ရှိ အိမ်ကွင်းကို အဆင့်မြှင့်တင်မှု လုပ်ဆောင်ရန် ခွင့်ပြုချက်မရရှိပါက အသုံးစရိတ် စတာလင်ပေါင် တစ်ဘီလီယံထိ အကုန်ကျခံပြီး အိမ်ကွင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီ အသင်းသည် လက်ရှိ အိမ်ကွင်းအဖြစ်အသုံးပြုနေသည့် Parc des Princes အမည်ရှိ အားကစားကွင်းကို ပြီးခဲ့သည့် ၁၉၇၄ ခုနှစ်ကတည်းက အသုံးပြုနေခြင်းဖြစ်ပြီး Parc des Princes မှာ ပဲရစ်မြို့တော်ကောင်စီက ပိုင်ဆိုင်သည့် အားကစားကွင်း တစ်ကွင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက Parc des Princes အားကစားကွင်းကို အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရန်အတွက် ပဲရစ်မြို့တော်ကောင်စီထံ တင်ပြထားသော်လည်း လက်ရှိအချိန်ထိ ခွင့်ပြုချက်မရရှိသေးဘဲ ကြန့်ကြာနေပြီး ပဲရစ်မြို့တော်ကောင်စီထံမှ ခွင့်ပြုချက်မရှိပါက Parc des Princes ကို စွန့်ခွာပြီး အသင်းပိုင်အားကစားကွင်းကို စတာလင်ပေါင် တစ်ဘီလီယံအသုံးပြုပြီး တည်ဆောက် အသုံးပြုရန်အတွက် စီစဉ်ထားခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း သည် နောက်ပိုင်းနှစ်များတွင် ဥရောပ၌ ထိပ်တန်းအသင်း တစ်သင်းဖြစ်လာခဲ့ပြီး အောင်မြင်မှုများစွာလည်း ဆွတ်ခူးနိုင်ခဲ့သည့် အတွက် အသင်းအိမ်ကွင်းကိုလည်း လက်ရှိထက် ပရိသတ်ဝင်ဆံ့နိုင်သည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်လိုနေခြင်းဖြစ်သည်။

လက်ရှိ Parc des Princes အားကစားကွင်းသည် ပရိသတ်ဦးရေ ၄၈၂၂၉ ဦးသာ ဝင်ဆံ့နိုင်သည့် အားကစားကွင်းဖြစ်ပြီး အခြား ဥရောပထိပ်တန်းအသင်းကြီးများ၏ အိမ်ကွင်းများနှင့် နှိုင်းယှဉ်လျှင် ပရိသတ်ဝင်ဆံ့နိုင်မှုများစွာ ကွာဟနေသည့်အတွက် အခြားဥရောပမှ ထိပ်တန်းအသင်းကြီးများတန်းတူ အသင်းအိမ်ကွင်းကိုလည်း အကြီးစားအဆင့်မြှင့်တင်မှုများ လုပ်ဆောင်လိုနေပြီး မြို့တော်ကောင်စီ၏ ဆုံးဖြတ်ချက်ကို အမြန်ဆုံးသိရှိလိုနေကာ ခွင့်ပြုချက်မရရှိပါက ပဲရစ်မြို့တော်ပိုင်းတွင် အိမ်ကွင်းသစ်ကိုတည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

## ဂါလာတာစာရေးအသင်းသို့ပြောင်းရွှေ့ရန် ဂန်ဒိုဂမ် ကြိုးပမ်းနေဟုဆို

**အင်ကာရာ ဇွန် ၁၃**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်က စာချုပ်ကုန်ဆုံးချိန်တွင် တူကီယဲကလပ်ဂါလာတာစာရေးအသင်းသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသည်။

ဂါလာတာစာရေး အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက တူကီယဲလိဂ်ချန်ပီယံဆု ရရှိခဲ့ပြီးနောက် ကစားသမားသစ်ခေါ်ယူမှုများ ပြုလုပ်လျက်ရှိနေကာ ဘိုင်ယန်မြူးနစ်အသင်းမှ ဆာနေကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီး မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်ကိုလည်း ထပ်မံခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားအနေဖြင့် ပြောင်းရွှေ့ရန် စိတ်ဝင်စားလျက်ရှိနေသည်။

မန်စီးတီးအသင်း အနေဖြင့် ဂန်ဒိုဂမ်ကိုဆော်ဒီပရိုလိဂ်ကလပ်သို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ရောင်းချရန်စီစဉ်နေသော်လည်း ကစားသမားကိုယ်တိုင်က ဥရောပတွင်သာ ဆက်လက်ကစားလိုသဖြင့် ဂါလာတာစာရေးအသင်းက ကမ်းလှမ်းလာချိန်တွင် ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။

လက်ရှိ မန်စီးတီးအသင်း ကွင်းလယ်တွင် ဂန်ဒိုဂမ်သည် ဒုတိယဦးစားပေး ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရနေသည့်အပြင် နွေရာသီအပြောင်းအရွှေ့ကာလကလည်း အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ရိုင်ဒါးစ်နှင့် ချာကီတို့ကို ခေါ်ယူခဲ့သောကြောင့် လာမည့်ဘောလုံးရာသီတွင် ဂန်ဒိုဂမ်အနေဖြင့် ပွဲကစားခွင့်ပါ ပျောက်ဆုံးနိုင်သဖြင့် ဂါလာတာစာရေး အသင်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

**Ref : Goal.com**

**Trs : ML**

## ပိုလန်နည်းပြ ပရိုဘီယာ့ဇ် ရာထူးမှနုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာ

**ဝါဆော ဇွန် ၁၃**

ပိုလန်အသင်းနည်းပြ ပရိုဘီယာ့ဇ်သည် တိုက်စစ်မှူး လီဝမ်ဒေါစကီးကို အသင်းခေါင်းဆောင်တာဝန် ပေးအပ်လိုခြင်းမရှိသဖြင့် ကစားသမားနှင့် ဆက်ဆံရေးတင်းမာမှု ဖြစ်ပွားခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ရန် ကြေညာခဲ့ကြောင်းသိရသည်။

နည်းပြ ပရိုဘီယာ့ဇ်သည် အသင်းခေါင်းဆောင် တိုက်စစ်မှူး လီဝမ်ဒေါစကီးနေရာတွင် ဇီလန်စကီးနှင့်အစားထိုးရန် ကြိုးပမ်းနေသောကြောင့် လီဝမ်ဒေါစကီးက နည်းပြပရိုဘီယာ့ဇ် တာဝန်ယူသည့်ကာလတွင် နိုင်ငံအသင်းတွင် ဆက်လက်ကစားရန် မဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး နည်းပြအနေဖြင့် ၎င်းကို အချိန်ပိုင်းသာအသုံးပြု၍ ကလေးတစ်ယောက်လို ဆက်ဆံနေသောကြောင့် ၎င်းအနေဖြင့် အသင်းတွင် ဆက်လက်ကစားပါက အသင်းခေါင်းဆောင်ရာထူး ပျောက်ဆုံးသွားနိုင်ကြောင်း ပြောကြားခဲ့သည်။

အသက် ၃၆ နှစ်ရှိ လီဝမ်ဒေါစကီးသည် နည်းပြနှင့် ဆက်ဆံရေးတင်းမာလာမှုကြောင့် မော်ဒိုဗာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ခြေစမ်းပွဲစဉ်နှင့် ဖင်လန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တို့တွင် အသင်းလူစာရင်းတွင် ချန်လှပ်ခံခဲ့ရပြီးနောက် ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

နည်းပြ ပရိုဘီယာ့ဇ်အနေဖြင့် ပိုလန်အသင်းကို ၂၀၂၄ ခုနှစ်က စတင်တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ဦးဆောင်၍ ပါဝင်ခွင့်ရရှိရန်



မျှော်မှန်းထားသော်လည်း ယခုအခါ လီဝမ်ဒေါစကီးနှင့် အငြင်းပွားဖွယ်ရာပြဿနာများ ဖြစ်ပေါ်ခဲ့ပြီးနောက် အသင်းမှ နုတ်ထွက်ခဲ့ကြောင်းသိရသည်။

နည်းပြပရိုဘီယာ့ဇ်က "ကျွန်တော့်အနေနဲ့ လက်ရှိအခြေအနေကိုအဆုံးသတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ပိုလန်အသင်းကို တာဝန်ယူရတာဟာ ကျွန်တော့်အတွက် ပရော်ဖက်ရှင်ဘဝမှာ အိပ်မက်တစ်ခုပါ။ ဒါဟာ ကျွန်တော့်ဘဝမှာ အအောင်မြင်ဆုံးဖြစ်ပါတယ်"ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းတိုက်စစ်မှူးဒါဝင်နူနက်ကိုခေါ်ယူရန် နာပိုလီအသင်းကလည်း ချိတ်ဆက်မှုများပြုလုပ်နေပြီး အေတီကိုအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ နော့်တင်ဟမ်အသင်း တောင်ပံကစားသမား အယ်လန်ဂါကအသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် အာဆင်နယ်အသင်းအပါအဝင် ချဲလ်ဆီး ၊နယူးကာဆယ်နှင့် စပါးအသင်းတို့က စောင့်ကြည့်လျက်ရှိသည်။
- ❑ တောင်ပံကစားသမား နစ်ကိုးဝီလျံ၏ အေးဂျင့်ဖြစ်သူသည် ဘာစီလိုနာအသင်း အားကစားဒါရိုက်တာ ဒေကိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် လာမည့်နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့နိုင်ကြောင်း သိရသည်။
- ❑ စပါးအသင်းက နည်းပြဖရန့်ကို ခန့်အပ်ခဲ့ပြီးနောက် ဘရန့်ဖို့ဒ်အသင်း ကစားသမား ငါးဦးထိ နည်းပြဖရန့်နှင့် ပူးပေါင်းနိုင်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

**ML**

# ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကမ္ဘာ့အဆင့် (၅၅)နေရာ၌ ရပ်တည်




**ရန်ကုန် ဇွန် ၁၃**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ဇွန်လအတွက် လက်ရွေးစင်အမျိုးသမီးအသင်း၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ကမ္ဘာ့အဆင့် (၅၅)နေရာတွင် ရပ်တည်လျက် ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာ ပြိုင်ပွဲများ ကစားခဲ့ခြင်းမရှိသည့်အတွက် ဇွန်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အပြောင်းအလဲမရှိခဲ့ဘဲ ရမှတ် ၁၄၈၄ မှတ်ဖြင့် ကမ္ဘာ့အဆင့် (၅၅) နှင့် အာဆီယံအဆင့်(၄)နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က ဇွန်လအတွက် လက်ရွေးစင်အမျိုးသမီးအသင်း၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၃၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၄၁)ဖြင့် အာဆီယံအဆင့်(၂)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၄၆)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၅၅)ဖြင့် အာဆီယံအဆင့်(၄)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၉၅)ဖြင့် အာဆီယံအဆင့်(၅)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၀၂)ဖြင့် အာဆီယံအဆင့်(၆)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၀၇)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၃၉)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေ အသင်းက ကမ္ဘာ့အဆင့်(၁၅၈)ဖြင့် အာဆီယံအဆင့်(၁၀)နေရာတွင် ရပ်တည်ခဲ့ကြပြီး ဘရူနိုင်းအသင်းအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မဝင်ရောက်သေးကြောင်း သိရသည်။

STA

# U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျေဂျေစပေါင်းဦးဆောင်

**ကော်ရင် ဇွန် ၁၃**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ကော်ရင်မြို့တွင်ကျင်းပနေသည့် U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား လောရင့်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မ်စီဝူ၊ အင်ဆန်ဂျေနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကိုပ်ကာတို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အသက် ၃၄ နှစ်အရွယ် ဂျေဂျေစပေါင်းသည် U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် အများဆုံးလျော့ရိုက်နိုင်ခဲ့သည့် မှတ်တမ်းကို အမီလိုက်နိုင်ခဲ့သည်။

ဂျေဂျေစပေါင်းက "အဖွင့်နေ့မှာ အခုလိုရလဒ်မျိုးရအောင် ကစားနိုင်တာကို ဝမ်းသာပျော်ရွှင်ရပါတယ်။ ပထမနေ့မှာ ရိုက်ချက်တော်တော်များများက အရမ်းကို ကောင်းခဲ့ပါတယ်။ Birdies ရိုက်ချက်တွေရဖို့အတွက် အခွင့်အရေးကောင်းတွေ ရခဲ့တယ်။ တချို့ အခွင့်အရေးကောင်းတွေကို အကောင်းဆုံး အသုံးချနိုင်ခဲ့ပါတယ်ဟု" ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL




# Stuttgart Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အန်ဂျယ်နှင့် ဇီရက်ဖ်တို့ တက်ရောက်

**စတုဂတ် ဇွန် ၁၃**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် Stuttgart Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအဖြစ် ဆယ်ကျော်သက် ဂျာမနီ တင်းနစ်ကစားသမား အန်ဂျယ်က အမေရိကန်တင်းနစ်ကစားသမား မီချဲလ်ဆန်ဖြင့်လည်းကောင်း၊ ဂျာမနီအဆင့်(၁) တင်းနစ်ကစားသမား ဇီရက်ဖ်က ပြင်သစ် တင်းနစ်ကစားသမား မော်သက်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အသက် ၁၇ နှစ်အရွယ်သာ ရှိသေးသည့် အန်ဂျယ်သည် မီချဲလ်ဆန်အား (၆-၄ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး မြက်ကွင်းတွင်ကျင်းပသည့် တင်းနစ်ပြိုင်ပွဲများတွင် ၁၉၈၅ ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် အန်ဂျယ်က မှတ်တမ်းဝင်ခဲ့သည်။

၁၉၈၅ ခုနှစ်တွင် အသက်အငယ်ဆုံး ကစားသမားအဖြစ် ဂျာမနီ တင်းနစ်ကစားသမားတစ်ဦးပင်ဖြစ်သည့် ဘက်ကာက စံချိန်တင်ခဲ့ပြီး ဘက်ကာကပင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အခြားသော ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီအဆင့်(၁) တင်းနစ်ကစားသမား ဇီရက်ဖ်က ဒုတိယအဆင့်တွင်ပြင်သစ်တင်းနစ်ကစားသမား မော်သက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဇီရက်ဖ်က (၆-၂၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဇီရက်ဖ်အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းများ ပျောက်ဆုံးနေခဲ့ပြီး အောင်မြင်မှုများရရှိရန် ရုန်းကန်နေရသူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပဲလေ့စ်အသင်းပူးတွဲအသင်းပိုင်ရှင် ဂျွန်တက်တာက အသင်းရှယ်ယာများကို NY Jets ထံ ရောင်းချရန် ဆွေးနွေးနေ




**လန်ဒန် ဇွန် ၁၃**

ပဲလေ့စ်အသင်း ပူးတွဲပိုင်ရှင်ဖြစ်သည့် ဂျွန်တက်တာက အသင်းရှယ်ယာများကို အမေရိကန် Football ကလပ်ပိုင်ရှင် NY Jets အုပ်စုထံ ရောင်းချရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့် ရရှိထားခြင်းဖြစ်သည်။

သို့သော် ပဲလေ့စ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ရဖွယ်ရှိနေသည့် အခြေအနေများကြောင့် အသင်းရှယ်ယာအများစုကို ပြန်လည်ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျွန်တက်တာသည် ပဲလေ့စ်အသင်းအပြင် ယူရိုပါလိဂ် ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် လိုင်ယွန်အသင်းနှင့် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိထားသည့် ဘရွန်းဘိုင်အသင်းတို့ကိုလည်း ပိုင်ဆိုင်ထားပြီး ပဲလေ့စ်အသင်း၏ ရှယ်ယာ ၄၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့်အတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းဖြစ် သည့် ပြိုင်ပွဲတစ်ခုကို ပိုင်ရှင်တူ အသင်းနှစ်သင်း ဝင်ခွင့်မရသည့်အတွက် စည်းမျဉ်းနှင့် ငြိစွန်းနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစည်းမျဉ်းအရ ပိုင်ရှင်တူ ကလပ်အသင်းနှစ်သင်းမှ အမှတ်ပေးဇယားအဆင့်ရပ်တည်မှုအမြင့်ဆုံးအသင်းက ဝင်ရောက်ခွင့်ရရှိပြီး အဆင့်နိမ့်သည့်အသင်းက ပြိုင်ပွဲမှထွက်ခွာရမည်ဖြစ်သည့်အတွက် ပဲလေ့စ်အသင်းသည် အဆင့်(၁၂)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး လိုင်ယွန်အသင်းက အဆင့်(၆)နှင့် ဘရွန်းဘိုင်အသင်းက အဆင့်(၃)နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည့်အတွက် ပဲလေ့စ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲအပြင် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ကိုလည်း လွဲချော်ရမည့်အရေးနှင့် ကြုံတွေ့နေရသည့်အတွက် ဂျွန်တက်တာက ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန်အတွက် အသင်းရှယ်ယာများကို NY Jets အုပ်စုထံ ပြန်လည် ရောင်းချရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# တိုက်စစ်ကစားသမား ရိုဒရီဂို ရီးရဲလ်မက်ဒရစ် အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်

**မက်ဒရစ် ဇွန် ၁၃**

ရီးရဲလ်မက်ဒရစ် အသင်း လူငယ်တိုက်စစ် ကစားသမား ရိုဒရီဂိုက အသင်းမှထွက်ခွာမည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ပြီးနောက် အသင်းတွင် ဆက်လက်ကစားရန်အတွက်သာ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ရိုဒရီဂိုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဆန်းတို့စ်အသင်းမှ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက ပွဲအနည်းငယ်သာ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီနှင့် ယခုနှစ် ဘောလုံးရာသီတို့တွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ရိုဒရီဂိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာတွင် ရိုဒရီဂိုက လက်ရှိရရှိနေသည့် လုပ်ခလစာထက် ပိုမိုများပြားသည့်ပမာဏ တောင်းဆိုခဲ့သောကြောင့် အသင်းပရိသတ်များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းကလည်း လုပ်ခလစာ ပိုမိုမပေးချေလိုသည့်အတွက် အသင်းမှ ထွက်ခွာလိုပါက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောင်းချရန် စီစဉ်ထားခြင်းဖြစ်သည်။

ရိုဒရီဂို ကိုယ်တိုင်ကလည်း လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထိပ်တန်းအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ကစားသမား ကိုယ်တိုင်က ဆုံးဖြတ်ချက် ပြန်လည်ပြင်ဆင်ခဲ့ပြီး အသင်းတွင်သာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အမေရိကန်၏ အကောက်ခွန်စည်းကြပ်မှုမူဝါဒနှင့် အာဆီယံ၏ အနာဂတ်အလားအလာ

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်တွင် အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်အစိုးရ အနိုင်ရရှိခဲ့ပြီး ၎င်း၏သမ္မတဒုတိယသက်တမ်းတွင် ချမှတ်ဆောင်ရွက်မည့် နိုင်ငံခြားရေးမူဝါဒ၊ စီးပွားရေးမူဝါဒနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မူဝါဒအကြောင်းအရာများအပေါ် အာရုံစိုက်မှုများ ပိုမိုမြင့်တက်လာသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ၎င်း၏ ဒုတိယအစိုးရသက်တမ်းတွင် တရုတ်နိုင်ငံအပေါ် တင်းမာသောသဘောထားဆက်ဆံရေးများပြသမှု၊ ယူကရိန်းပဋိပက္ခအဆုံးသတ်ရေး ကြိုးပမ်းမှု၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်များအပေါ် အလေးထားမှု၊ ၎င်းနှင့် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်နိုင်ငံများအပေါ် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်ရန်ဖိအားပေးမှု အစရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် သက်ရောက်မှုကြီးကြီးမားမား ရှိလာနိုင်သည်ဟု ခန့်မှန်းတွက်ဆထားကြသည်။

အမေရိကန်နိုင်ငံတွင် ဒေါ်နယ်ထရန့်၏ ဒုတိယသမ္မတသက်တမ်းတွင် အကာအကွယ်ပေးမူဝါဒများ ချမှတ်မှုကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် မသေချာမရေရာမှုများ လှုပ်ခတ်ဖြစ်ပွားလာစေခဲ့သည်။ ထရန့်အစိုးရတက်လာသည်နှင့် စီးပွားရေးဆိုင်ရာမူဝါဒအသစ်များချမှတ်ရာတွင် နိုင်ငံတွင်းအခွန်ထမ်းဆောင်မှုလျှော့ချခြင်း၊ ဘဏ္ဍာရေးလိုငွေပြမှုကို ဖြေရှင်းခြင်း၊ စည်းမျဉ်းစည်းကမ်းများဖြေလျှော့မှုပြုလုပ်ခြင်းနှင့် သွင်းကုန်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းတို့ပါဝင်သည်။ ထရန့်သည် အမေရိကန်နိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုကို ဖြေရှင်းနိုင်ရန် အစိုးရအသုံးစရိတ်ကိုလျှော့ချပြီး သွင်းကုန်အပေါ် အခွန်ကောက်ခံမှုကိုတိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်လာသည်။ ထရန့်၏ အကောက်ခွန်စည်းကြပ်မှုမူဝါဒများသည် ၎င်း၏နိုင်ငံတွင်းသို့ တင်သွင်းလာသော ကုန်စည်များအားလုံးအပေါ် အခြေခံမျဉ်းအနည်းဆုံး ၁၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ပြီး နိုင်ငံအလိုက် ထပ်ဆင့်တိုးကောက်သော ရာခိုင်နှုန်းများ အသီးသီးပြောင်းလဲကောက်ခံသွားမည်ဖြစ်သည်။ ထိုသို့ တစ်ဖတ်သတ်အခွန်စည်းကြပ်မှုများ ပြုလုပ်မှုကြောင့် တရုတ်အပါအဝင် အီးယူ၊ အာဆီယံ အစရှိသောအဖွဲ့အစည်းများနှင့် နိုင်ငံများသည် အဆိုပါအခွန်မူဝါဒအပေါ်တုံ့ပြန်ရင်ဆိုင်နိုင်မည့် မဟာဗျူဟာများကို ရေးဆွဲချမှတ်နိုင်ရန် ဆောင်ရွက်လာကြသည်။

အာဆီယံအနေဖြင့် အမေရိကန်၏ အခွန်စည်းကြပ်မှုမူဝါဒကို မည်ကဲ့သို့ ရင်ဆိုင်ကျော်လွှားသင့်သည်ကိုလေ့လာရာတွင် ပထမဦးစွာ အီးယူအဖွဲ့ကြီး၏ မဟာဗျူဟာများအပေါ်လေ့လာရပါမည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံဖြင့် ပါဝင်ဖွဲ့စည်းထားသော အီးယူအဖွဲ့ကြီးသည် အမေရိကန်၏ သွင်းကုန်များအပေါ် အခွန်ပြန်လည်တိုးမြှင့်ကောက်ခံနိုင်ရေး၊ အမေရိကန်မဟုတ်သော အခြားကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ အမေရိကန်နိုင်ငံ၏ နည်းပညာကုမ္ပဏီများအပေါ် အဓိကပစ်မှတ်ထားကာ အခွန်ဆောင်ခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် တင်းကျပ်စွာအရေးယူနိုင်ရေး မဟာဗျူဟာများ ချမှတ်ရန် ကြိုးပမ်းနေသည်။ အဆိုပါ မဟာဗျူဟာမြောက်နည်းလမ်းများသည် အီးယူအဖွဲ့သို့ တင်သွင်းလာသော အမေရိကန်ပို့ကုန်များအပေါ် သိသာထင်ရှားသောသက်ရောက်မှုများရှိလာစေရန် ရည်ရွယ်သည်။ အချို့သောပညာရှင်များ၏ လေ့လာသုံးသပ်ချက်အရ ပထမအချက်မှာ အီးယူအနေဖြင့် အဆိုပါသက်ရောက်မှုများလျော့နည်းစေရန် အမေရိကန်နှင့် နှစ်နိုင်ငံချင်းသဘောတူညီချက်များရရှိစေရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သင့်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း(WTO)၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်သင့်ပြီး ကမ္ဘာ့မြောက်ခြမ်းနှင့် တောင်ခြမ်းမှ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ပေါင်းစည်းကာ အမေရိကန်၏အကာအကွယ်ပေးရေး မူဝါဒများကို အတူတကွရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။ တတိယနှင့်နောက်ဆုံးအချက်မှာ ယူကေနိုင်ငံ၊ အာဖရိကနှင့် အင်ဒိုပစိဖိတ်ဒေသမှ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုအခြေအနေတိုးမြှင့်ရမည်ဖြစ်ပြီး ဦးစားပေးကုန်သွယ်မှုသဘောတူညီချက်များကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အီးယူအဖွဲ့ကြီး၏စီးပွားရေးမှာ ကြံ့ကြံ့ခံနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်အပေါ် မှီခိုမှုနည်းပါးပြီး ပြည်တွင်းဝယ်လိုအားများလာစေမည့် စီးပွားရေးတိုးတက်မှုပုံစံတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ထားသည်။



အာဆီယံနိုင်ငံများမှ အမေရိကန်နိုင်ငံသို့တင်သွင်းသည့် ကုန်စည်များ။

အာဆီယံအဖွဲ့ကြီးအနေဖြင့်ပြီးခဲ့သည့်ဧပြီ ၂ ရက်တွင်ချမှတ်ခဲ့သည့် ထရန့်၏ အကောက်ခွန်စည်းကြပ်မှုမူဝါဒ၏ သက်ရောက်မှုဒဏ်ကိုခံရသည်။ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တို၊ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် စင်ကာပူဝန်ကြီးချုပ် လောရန့်ဝမ်တို့သည် အဆိုပါ အကောက်ခွန်တိုးမြှင့်ခံရသည့်အပေါ် ပြန်လည်တုံ့ပြန်သည့် အကောက်ခွန်တိုးမြှင့်မှုများ ပြုလုပ်မည်မဟုတ်ဟု ကြေညာထားသည်။ လက်ရှိတွင် အာဆီယံကျင့်သုံးရမည့်နည်းလမ်းနှစ်မျိုးအနက် ပထမနည်းလမ်းမှာ စီးပွားရေးထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သည့် ပြန်လည်တုံ့ပြန်သည့်အခွန်ကောက်ခံမှုမျိုးမပြုလုပ်သင့်ဘဲ အာဆီယံနိုင်ငံများကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသောနည်းလမ်းများကိုသာ ကျင့်သုံးရမည်ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပြီး အမေရိကန်၏ အကောက်ခွန်မူဝါဒအပေါ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် သဘောထားတူညီမှုရှိသော အခြားသောနိုင်ငံများနှင့် ပိုမိုထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ထရန့်၏ အဆိုပါမူဝါဒကြောင့် အမေရိကန်နိုင်ငံ၏ပို့ကုန်များ စီးပွားရေးတိုးတက်မှုနှင့်အလုပ်အကိုင်တို့အပေါ် သက်ရောက်မှုများရှိလာသည်။ အိမ်ဖြူတော်အနေဖြင့် တစ်နိုင်ငံချင်းတွေ့ဆုံသည့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့အစည်းတစ်ခုလုံးနစ်နာနိုင်သည့် တွေ့ဆုံဆွေးနွေးမှုမျိုးပြုလုပ်လိုခြင်းမရှိပေ။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုမဟာဗျူဟာသည် မသေချာမရေရာမှုများရှိနေသည်။ အမေရိကန်၏ မိတ်ဖက်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုရလဒ်မှာ သိသာထင်ရှားသည့် တိုးတက်မှုမရှိသည်ကို တွေ့မြင်ရသည်။ အာဆီယံအနေဖြင့် ချမှတ်ဆောင်ရွက်သင့်သည့် မဟာဗျူဟာနည်းလမ်းနှစ်ခုမှာ ပြည်တွင်းစည်းမျဉ်းစည်းကမ်းများဖြေလျှော့၍ ပြုပြင်ပြောင်းလဲရေးအစီအမံများ ပြုလုပ်ပြီး ပြည်တွင်းစီးပွားရေးနှင့်ကိုက်ညီသော မက်ခရိုစီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ပွင့်လင်းမြင်သာသော ဒေသတစ်ခုထူထောင်ပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ စိတ်သဘောထားချင်းတူညီမှုရှိသော အခြားသော မိတ်ဖက်နိုင်ငံများနှင့် ပေါင်းစည်း၍ နိုင်ငံစုံပါဝင်သောစနစ်တွင် မိမိတို့၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

အာဆီယံသည် မိမိ၏ဒေသတွင်းပေါင်းစည်းမှုအားကိုဆောင်ရွက်ရာတွင် ကမ္ဘာ့စီးပွားရေးအပြောင်းအလဲများကြား ကြံ့ကြံ့ခံနိုင်မှုရှိစေရန် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ ပေါင်းစည်းမှုကို ထူထောင်ရမည်ဖြစ်သည်။ အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များများကို အကောင်းဆုံးအသုံးချရမည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံအသစ်များရှာဖွေရမည်ဖြစ်သည်။ အာဆီယံနိုင်ငံအများစုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများရှိကြသည်ဖြစ်ရာ ထိုလုပ်ငန်းများအောင်မြင်မှုရှိလာစေရန် အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် အာဆီယံပြည်သူများ၏ ဘဝအရည်အသွေးကောင်းမွန်စေရန် လူထုအခြေခံချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုရမည်ဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှင့်သဘာဝဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန် ပြည်သူများ၏ ကျန်းမာရေးနှင့်စားနပ်ရိက္ခာလုံခြုံရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် လူသားလုံခြုံမှုအပြည့်အဝရရှိစေရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပြည်တွင်းခရီးသွားလာရေးကဏ္ဍနှင့် နယ်စပ်ဖြတ်ကျော်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်သည်။ သို့မှသာ အာဆီယံ၏ရည်မှန်းချက်ဖြစ်သော အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှုပန်းတိုင်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး ပထဝီစီးပွားရေးအပြောင်းအလဲများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်မည်ဖြစ်သည်။

အမေရိကန်၏ တစ်ဖတ်သတ်အခွန်စည်းကြပ်မှုမူဝါဒအပေါ် တုံ့ပြန်ရာတွင် အာဆီယံအနေဖြင့် အီးယူအဖွဲ့ကြီး၏ အခွန်တုံ့ပြန်ရေးမူဝါဒကဲ့သို့ မလုပ်ဆောင်သင့်ပါ။ အာဆီယံနိုင်ငံအချို့တွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားစွာပါဝင်နေခြင်း၊ အာဆီယံနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကြီးမားနေခြင်း စသည့်အချက်များက အီးယူနှင့် အာဆီယံ၏ခြားနားချက်ကို ပြသနေသည်။ အာဆီယံသည် အင်အားကြီးနှစ်နိုင်ငံဖြစ်သော အမေရိကန်၊ တရုတ်နိုင်ငံတို့နှင့် ကြီးမားသောစီးပွားရေးဆက်သွယ်မှုများရှိသည့်အတွက် နှစ်နိုင်ငံ၏အင်အားပြိုင်ဆိုင်မှုအတွင်းမှ ရှောင်ရှားနိုင်ရန် သံတမန်ဆက်ဆံရေးကို လိမ္မာပါးနပ်စွာကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ အာဆီယံခေါင်းဆောင်များသည် ရှုပ်ထွေးလာသော ကမ္ဘာ့အရေးအခင်းကိစ္စရပ်များတွင် ထိရောက်သောစေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ရေးအတွက် သံတမန်ဆိုင်ရာသင်တန်းများနှင့် လူသားအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်ဖြစ်သည်။ ထို့ပြင် အာဆီယံသည် နည်းပညာမြင့်မားသောကုန်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ အစိမ်းရောင်စက်မှုလုပ်ငန်းများ ထွန်းကားလာစေရေးတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။ နည်းပညာကဏ္ဍတွင် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အာဆီယံသည် ပြိုင်ဆိုင်မှုပြင်းထန်သောကမ္ဘာကြီးတွင် နည်းပညာတိုးတက်မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်သောစေ့စပ်ညှိနှိုင်းမှုများရရှိလာမည်ဖြစ်ပြီး ကမ္ဘာ့ရေးရာစိန်ခေါ်မှုများကို အာဆီယံဒေသကြီး၏ ခိုင်မာအားကောင်းမှုနှင့် တိုးတက်မှုအဖြစ်သို့ ပြောင်းလဲလာနိုင်မည်ဖြစ်ပါကြောင်း လေ့လာသုံးသပ်ထားပါသည်။

**ကိုးကား**


- https://www.spf.org/iina/en/articles/shoji_22.html/
- https://www.aseanbriefing.com/news/ southeast-asias-balancing-act-in-a-second-trump-presidency/
- https://www.nationthailand.com/news/asean/40050468/


**ထူးတင့်ဟန်**

# အောင်စည် အောင်မောင်း ရုပ်ရှင်ဇာတ်ကား ဇွန်လလယ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




ရန်ကုန် ဇွန် ၁၃

ကဥ္စနရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အောင်စည် အောင်မောင်း ရုပ်ရှင်ဇာတ်ကားကို ဇွန်လလယ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ အောင်စည် အောင်မောင်း ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာခင်လှိုင် (ညဏ်ကြီးရှင်) ထံမှ သိရသည်။

အဆိုပါ အောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကေဆဲဗင်းက ရေးသားထားကာ ဆဲဗင်းဒေးက ဇာတ်ညွှန်း ရေးသားထားပြီး ကဥ္စနရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခင်လှိုင်(ညဏ်ကြီးရှင်)နှင့် တွဲဖက် ဒါရိုက်တာ မိုးမိုးတို့က တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ အချစ်ဒရာမာဇာတ်လမ်းလေးပါ။ သူတို့ ချစ်တဲ့ ညီမလေးကို ထိမိဖို့ မပြောနဲ့ မကြည့်မိစေနဲ့ မီးပွင့်သွားမယ် ဆိုတဲ့ အောင်စည်အောင်မောင်းတို့ ညီအစ်ကိုသုံးယောက်နဲ့ သူတို့ ညီမလေးကို ထိဖို့ ကြည့်ဖို့အပြင် ချစ်ဖို့အထိ ဖြစ်လာတဲ့ သူတစ်ယောက် ကြားမှာ ပြဿနာတွေ ဘယ်လိုဖြစ်လာမလဲ၊ ဒါတွေကို ကျော်ဖြတ်နိုင်မလား၊ ပိုဆိုးသွားမလားဆိုတာ ယခုလလယ်မှာ ပရိသတ်တွေ ကြည့်ရှုရပါတော့မယ်" ဟု ဒါရိုက်တာ ခင်လှိုင် (ညဏ်ကြီးရှင်)က ပြောပြသည်။

အောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကားကြီးတွင် နေတိုး၊ ဖြိုးငွေစိုး၊ ဖြိုးလေး၊ ခင်လှိုင်၊ ဆင်မ၊ စိစိ၊ စုပါလင်း၊ မင်းဟိဏ်း၊ တိုင်ရွှန်း၊ နော်ဖောအယ်ထား၊ နေခြည်ရွှန်းလက်၊ တက္ကသိုလ်ပွမ်းပုံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Wonder Woman ဇာတ်ကားသစ် ရိုက်ကူးရေး DC Studios က ပြင်ဆင်

နယူးယောက် ဇွန် ၁၃

Wonder Woman စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် DC Studios ရုပ်ရှင်ကပြင်ဆင်နေပြီ ဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

Wonder Woman ဇာတ်ကားသစ်ရိုက်ကူးမည့် အစီအစဉ်ကို DC Studios အကြီးအကဲ ဒါရိုက်တာဂျိမ်းဂန်းက အတည်ပြုခဲ့ခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် Wonder Woman ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ရေးသားနေပြီ ဖြစ်ကြောင်း ဒါရိုက်တာဂျိမ်းဂန်းက ပြောကြားထားသည်။

သို့ရာတွင် Wonder Woman ဇာတ်ကားသစ် ဝတ္ထုဇာတ်ညွှန်းကို မည်သူရေးသားနေကြောင်း ဂျိမ်းဂန်းက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

ထို့ပြင် အဓိကဇာတ်ကောင် မင်းသမီး ဒိုင်ယာနာနေရာနှင့် အခြား ဇာတ်ကောင်နေရာများ၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကိုလည်း ဒါရိုက်တာ ဂျိမ်းဂန်းက ရွေးချယ်ရသေးခြင်းမရှိကြောင်း သိရသည်။

ယခင် ရိုက်ကူးထုတ်လုပ်ခဲ့သော Wonder Woman ဇာတ်ကားများတွင် မင်းသမီး ဂဲလ်းဒေါ့က မင်းသမီး ဒိုင်ယာနာအဖြစ် သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ချောစုခင်၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲကို ကြည့်မြင်တိုင်မြို့နယ်ရှိ The Strip Yangon -Rooftop Bar တွင် ပြုလုပ်သွားမည်




ရန်ကုန် ဇွန် ၁၃

တေးသံရှင် ချောစုခင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် Hotel Grand Vista ကိုးလွှာတွင်ရှိသော The Strip Yangon – Rooftop Bar ၌ ဇွန် ၁၄ ရက် ညတွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ချောစုခင်ကပြောပြ၍ သိရသည်။

တေးသံရှင် ချောစုခင်၏ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲတွင် တေးသံရှင်ချောစုခင်နှင့် အတူ The Dream Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ပြီး The Dream Band ၏ ပင်တိုင် အဆိုရှင်များကလည်း တေးသံရှင်ချောစုခင်နှင့်အတူ အားဖြည့်ကူညီ သီဆို ဖျော်ဖြေပေးသွားမည်ဟု တေးသံရှင် ချောစုခင်ကပြောပြ၍ သိရသည်။

"ဇွန် ၁၄ ရက်ညမှာ Hotel Grand Vista ရဲ့ ကိုးလွှာမှာရှိတဲ့ The Strip Yangon – Rooftop Bar မှာ The Dream Bandနဲ့ အတူ ရှိနေပါမယ်။ အကောင်းဆုံး သီချင်းတွေကို တကြိုး သီဆို ဖျော်ဖြေပေးဖို့ အသင့်ရှိနေပါပြီ"ဟု တေးသံရှင် ချောစုခင်က ပြောပြသည်။

တေးသံရှင် ချောစုခင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Hotel Grand Vista ရှိ The Strip Yangon – Rooftop Bar တွင် ဇွန် ၁၄ ရက် ညနေ ၄ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေပေးသွားမည် ဟုလည်း တေးသံရှင် ချောစုခင်က ပြောပြ၍ သိရသည်။

ASH

# A Christmas Carol ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်အက်ဂါ ရိုက်ကူးမည်

နယူးယောက် ဇွန် ၁၃

ဝါနာဘရားသား ကုမ္ပဏီ၏ A Christmas Carol ဇာတ်ကားသစ်ကို ဒါရိုက်တာရောဘတ်အက်ဂါက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းများအရ သိရသည်။

A Christmas Carol ဇာတ်ကားသည် ကမ္ဘာကျော်စာရေးဆရာကြီး ချားအဲဒ်ကင်၏ A Christmas Carol တစ္ဆေဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဝါနာဘရားသား၏ A Christmas Carol ဇာတ်ကား၌ အဓိက ဇာတ်ကောင်အဖြစ် မင်းသား ဝီလမ်ဒါဖိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ ရောဘတ်အက်ဂါသည် အော်စကာဆု လေးဆု၏ ဆန်ခါတင် စာရင်း၌ပါဝင်ခဲ့သည့် Nosferatu ထိတ်လန့်သည်းဖို ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် A Christmas Carol ဇာတ်ကား ရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# ရက်ရာဇာ ရုပ်ရှင်ဇာတ်ကား၏ ကန်တော့ပွဲပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

မီးမီးမွှေး Production မှ ရိုက်ကူးတင်ဆက်မည့် ရက်ရာဇာ ရုပ်ရှင်ကား၏ ကန်တော့ပွဲပေးပွဲအခမ်းအနား ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစ် စေတီတော်ကြီးတွင် ဇွန် ၁၂ ရက်က ကျင်းပခဲ့ကြောင်း အဆိုပါ ရက်ရာဇာ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

အဆိုပါ ရက်ရာဇာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဥ္စာကျော်က ရေးသားထားပြီး ဒါရိုက်တာ သားညီက မီးမီးမွှေးProduction အတွက်တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

" ဒီဇာတ်ကားက ဟာသ ဝိညာဉ် ဇာတ်ကားလေးပါ။ ရယ်မောပျော်ရွှင်ရမယ်။ ကြောက်လဲ ကြောက်ရမယ်ပေါ့။ ဝိညာဉ်တိုင်းက ကြောက်စရာကောင်း မနေပါဘူး။ သနားစရာကောင်းသလို အချို့ဝိညာဉ်တွေက ရယ်စရာကောင်းကြပါတယ် ဆိုတဲ့ မက်ဆေ့လေး ပေးချင်တာလဲ ပါသလို ကောင်းသောစိတ်နဲ့ နိုးထပါ။ နေ့ရက်တိုင်းဟာ ရက်ရာဇာ ဆိုတဲ့ မက်ဆေ့ကိုလဲ မြင်ရမှာပါ"ဟု ရက်ရာဇာရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါ ရက်ရာဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ လင်းသစ်အောင်၊ ဆုပန်ထွာ၊ ထက်ထက်ထွန်း၊ ဝေလာရီ၊ မြဿ၊ မေမီလင်းနှင့် အခြားအနုပညာရှင်များစွာက ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း ရက်ရာဇာ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော် ရိုက်ကူးမည့် ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

ASH

# Varieties of banana from Kyaunggon Township sent to Yangon market in April


Bunches of bananas seen at a market.

**Kyaunggon June 13**

Local merchants from Kyaunggon Township sent a large number of banana bunches to Yangon market in April, said Daw Yi Yi Win, the owner of banana wholesale centre in Kaunggon Township of Ayeyawady Region.

Locally grown bananas from Kyaunggon Township are being delivered and sold in the Yangon market. In the previous month of March alone, around 550,000 bunches of bananas were exported and sold. From the 1 to the 30 April, up to 750,000 bunches were sold.

It is reported that the majority of the bananas sold during that month were of the following varieties: Pheegyan, Yakhine, Theehmway, and Hsinswe.

“There was strong banana export activity to the Yangon market throughout April. Only locally grown bananas were delivered and sold. Transport was done not only via waterways but also by road. Domestic demand for bananas remains high. A large quantity of banana bunches was exported and sold over the past month. Currently, banana prices are slightly lower than before,” said Daw Yi Yi Win, a banana trade center operator from Kyaunggon Township.

The banana prices for those delivered and sold to the Yangon market from Kyaunggon Township were as follows: Pheegyan banana fetches K155,000 per 100 bunches, Yakhine: K95,000 per 100 bunches, Theehmway: K225,000 per 100 bunches and Hsinswe: K175,000 per 100 bunches.

Kyaw Kyaw Lin

# KhinU Township completes cultivation of more than 9,000 acres of monsoon peanut this year

**KhinU June 13**

Statistics of KhinU Township Agriculture Department stated that a total of 9,191 acres of monsoon peanut has been planted in KhinU Township of Sagaing Region this year.

In KhinU Township, a plan has been made to cultivate peanuts on up to 46,826 acres during this year's monsoon crop season. Planting began in May this year, and as of today, 9,191 acres have already been cultivated.

"This year, during the monsoon crop season, over 46,000 acres of peanuts are planned for cultivation in KhinU Township. As of today, more than 9,000 acres have already been planted. Efforts are ongoing to continue planting throughout this month, with the goal of meeting the targeted acreage. Peanut cultivation is currently in a favorable condition as an oil crop. Year by year, peanut farming has shown progress," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

In KhinU Township, about one and a half baskets of seeds are required per acre for peanut cultivation. The cost per acre—including seeds, labor, fertilizers, and pesticides—exceeds K200,000, and an acre yields over 50 baskets of peanuts.

This year, to ensure the success of peanut fields in KhinU Township, to prevent pest and disease outbreaks, and to keep the fields weed-free, staff from the Township Department of Agriculture are conducting field inspections and maintaining field monitoring records. 206


Monsoon peanut plantation.

# Farmers in Kalay Township finish cultivation of monsoon sesame

**Kalay June 13**

According to Kalay Township Agriculture Department, local farmers have planted 2,541 acres of monsoon sesame in Kalay Township of Sagaing Region this year.

In Kalay Township, it is planned to cultivate 24,779 acres of monsoon sesame during this year’s monsoon crop season. Starting from May of this year, planting has commenced, and as of today, 2,541 acres have been planted, according to reports.

"The plan for this year's monsoon crop season in Kalay Township is to cultivate over 24,000 acres of monsoon sesame. As of today, more than 2,500 acres have already been planted. Efforts are ongoing to meet the targeted acreage. Additionally, we are working to expand sesame cultivation, improve yield, and promote farming practices in line with GAP (Good Agricultural Practices)," said U Naing Tun Win, Head of the Kalay Township Agriculture Department.

This year, the Kalay Township Agriculture Department is providing education to farmers on expanding sesame cultivation, implementing improved farming systems, practising GAP techniques, using quality and pure seeds, and cultivating high-yield varieties.

Crops grown under the GAP system are of higher quality compared to those produced using other cultivation methods. They also fetch higher prices and have the advantage of being marketable not only domestically but also for export. As a result, farmers who adopt GAP practices can enjoy greater economic benefits and improvements in their socio-economic livelihoods. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to plant more than 45,000 acres of green gram in Sagaing Township

**Sagaing June 13**

Sagaing Township of Sagaing Region will grow 45,000 acres of monsoon green gram this year, according to the township Agriculture Department.

During the 2024–2025 monsoon cropping season, it has been planned to cultivate 45,194 acres of monsoon green gram in the Sagaing Township. Planting will begin in June of this year and continue through September.

“This year, over 45,000 acres of monsoon green gram are planned to be cultivated in Sagaing Township. We will work to ensure the full targeted acreage is achieved. There are also awareness programs in place to encourage expansion of cultivation and to promote the use of quality and pure seeds to achieve good yields,” said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department will support green gram farmers in Sagaing Township by providing knowledge on using region-appropriate, high-quality seeds, proper cultivation methods, pest and disease prevention, systematic use of fertilizers, and techniques to ensure high productivity.

Additionally, during this monsoon season, for all types of pulse crops, the department will collaborate with farmers to promote the use of quality and pure seeds, improved inputs, and post-harvest technologies in order to enhance both yield and quality of the crops.

206

# Monywa District to grow more than 4,000 acres of banana this year



A banana plantation.

**Monywa June 13**

Statistics of Monywa District Agriculture Department stated that local farmers will grow 4,228 acres of banana in the district of Sagaing Region this monsoon.

In 2025-26 monsoon cultivation season, Monywa Township earmarked cultivation of 135 acres of banana, Budalin Township 2,696 acres, Ayadaw Township 1,332 acres and ChaungU Township 65 acres, totalling 4,228 acres.

Daw San San Myint, Head of Monywa District Agriculture Department stated: "Our department will help local farmers for cultivation of banana meeting the target acres. Local farmers are making preparations to start cultivation of crops this month. Now, other farmers plant banana on the dykes of farmlands. In fact, banana plantations are free from pest infection."

Local farmers plant some 1,000 plants of banana per acre. They have to cost some K2 million per acre but they can earn K5 million per acre in harvest season.

Monywa District Agriculture Department raises farmer awareness to minimize chemical residue at plantations, use the registered chemical pests under the prescription, and apply good agricultural practices. 206

# Plan underway to grow more than 20,000 acres of monsoon pigeon peas in ChaungU Township

**ChaungU June 13**

Local farmers will grow more than 20,000 acres of pigeon peas in monsoon in ChaungU Township of Sagaing Region, according to ChaungU Township Agriculture Department.

Local authorities earmarke3d cultivation of 20,300 acres of pigeon peas in the township in 2025-26 season, and so farmers will start cultivation in June till September.

"This year, we set a plan to cultivate more than 20,000 acres of pigeon pea in ChaungU Township this monsoon. Our department will support local farmers to meet the target cultivation with provision of quality strains of crops. Local farmers grow pigeon peas as separate crop in addition to mixed-crops," said U Tint Swe, Head of the Township Agriculture Department.

This year, officials of ChaungU Township Agriculture Department will make field trips to the plantations for urging local farmers to select quality strains of crops, use correct agricultural techniques and prevent pests for boosting per-acre yield of crops.



Photo shows a monsoon pigeon pea plantation in ChaungU Township.

Officials of the Township Agriculture Department distributes techniques of making natural fertilizers to reduce purchase of folio fertilizers and prevent pests. 206

# KhinU Township completes cultivation of more than 3,000 acres of vegetables

**KhinU June 13**

According to KhinU Township Agriculture Department, a total of 3,843 acres of vegetable plantations have been planted in KhinU Township of Sagaing Region this monsoon.

In 2025-25 monsoon season, local authorities earmarked 10,479 acres of vegetables but local farmers planted 3,843 acres of crops against the target cultivation.

U Nay Win Naing, Head of KhinU Township Agriculture Department commented: "Township authorities earmarked cultivation of more than 10,000 acres of vegetables this monsoon but farmers have so far planted more than 3,000 acres of crops. Our department helps local farmers meet the target cultivation. Local farmers plant mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. Our department shares techniques with local farmers to grow healthy crops with least chemical residues."

Agricultural courses were conducted for local farmers and agricultural staff to enhance their capacity so as to grow GAP applied crops and produce healthy crops with expansion of sown acreage this year.

Vegetable plantations are thriving in KhinU Township. These plantations can earn incomes for families of farmers. The Agriculture Department educates local farmers to use correct agricultural techniques, and prevent pests, fertilizers and pests. 206

# UN General Assembly adopts resolution demanding immediate Gaza ceasefire

**United Nations June 13**

The General Assembly, at an Emergency Special Session, adopted a resolution on Thursday that demands an immediate ceasefire in Gaza and immediate access to humanitarian assistance at scale.

The resolution demands "an immediate, unconditional and permanent ceasefire, to be respected by all parties."

It strongly condemns any use of starvation of civilians as a method of warfare and the unlawful denial of humanitarian access. It stresses the obligation not to deprive civilians in the Gaza Strip of objects indispensable to their survival, including by wilfully impeding relief supplies and access.

The resolution stresses that an occupying power is obliged under international law to ensure that humanitarian aid reaches all the population in need. It demands the immediate and permanent facilitation of full, rapid, safe and unhindered entry of humanitarian assistance at scale to and throughout the Gaza Strip and its delivery to all Palestinian civilians.

Xinhua

# India's foreign ministry says lot of people lost their lives in plane crash in Gujarat

**New Delhi June 13**

India's foreign ministry said a lot of people have lost their lives in Thursday's plane crash with 242 people on board an Air India flight to London in the western state of Gujarat.

The Air India flight had 169 Indian nationals, 53 British nationals, seven Portuguese nationals and one Canadian on board when it crashed shortly after takeoff from the Sardar Vallabhbhai Patel International Airport in Ahmedabad, about 17 km south of Gandhinagar, the capital city of Gujarat.

There were also 12 cabin crew members on board.

The ministry, however, has not put out an exact figure on the death toll in the plane crash.

"What has happened in Ahmedabad is a very tragic accident. We have lost a lot of people. We extend our deepest condolences to all those who have lost their loved ones. There are several foreigners. You will receive the updates from the relevant departments -- Ministry of Civil Aviation, Air India, and others. That is the latest I can share. It is an evolving situation. The rescue operations are on. We need to wait a little more time for exact details to be put out," India's foreign ministry spokesperson Randhir Jaiswal said during a press briefing.

Xinhua



Debris of an Air India plane is seen at the crash site in Ahmedabad of India's Gujarat state, June 12, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီတလီက လေကြောင်းရန်ကာကွယ်ရေးစနစ်၏ စတုတ္ထမြောက် Kronos ရေဒါတစ်စီးကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



အီတလီနိုင်ငံ ပူးတွဲစစ်လက်နက်တပ်ဆင်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် SAMP/T NG လေကြောင်းရန်ကာကွယ်ရေးစနစ်၏ စတုတ္ထမြောက် Kronos ရေဒါတစ်စီးကို အောင်မြင်စွာစမ်းသပ်မှုပြုလုပ်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနကဇွန် ၁၁ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုကို အီတလီနိုင်ငံပိုင် Leonardo ကုမ္ပဏီ၏ Fusaro စက်ရုံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရေဒါ၏ နည်းပညာနှင့် နည်းဗျူဟာမြောက် စွမ်းဆောင်ရည်များ၊ ဝိသေသလက္ခဏာများအပေါ် အကဲဖြတ်ဆန်းစစ်နိုင်ခဲ့ကြောင်းသိရသည်။

အီတလီတပ်မတော်သည် Leonardo ကုမ္ပဏီထံမှ Kronos ရေဒါများကို ၂၀၂၁ ခုနှစ်တွင် မှာယူခဲ့သည်။ ယခုစမ်းသပ်မှုသည် လာမည့်နှစ်များအတွင်း လွှဲပြောင်းပေးအပ်သွားရန် မျှော်မှန်းလုပ်ဆောင်နေသည့် SAMP/T NG လေကြောင်းရန်ကာကွယ်ရေးအစီအစဉ်အတွက် ကြားမှတ်တိုင်တစ်ခုလည်းဖြစ်သည်။

C-band လှိုင်းနှုန်းအမျိုးအစား၊ ဘက်စုံသုံးရေဒါဖြစ်သည့်Kronos Grand Mobile High Power K6 ရေဒါစနစ်ကို ဝေဟင်နှင့် ဒုံးကျည်စောင့်ကြည့်ရေးနှင့် ကာကွယ်ရေးအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းရေဒါသည် မြေပြင်နှင့် ကမ်းရိုးတန်း နှစ်မျိုးစလုံး အသုံးပြုနိုင်မည်ဖြစ်ပြီး ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းအတွက် အကွာအဝေး ကီလိုမီတာ ၂၅၀၊ စောင့်ကြည့် ထောက်လှမ်းခြင်းများအတွက် အကွာအဝေးကီလိုမီတာ ၃၀၀ ကျော်ထိ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေဒါသည် ပစ်မှတ်များစွာကိုထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ ခြိမ်းခြောက်မှုအမျိုးအစားခွဲခြင်းနှင့် ဒုံးကျည်ထိန်းကျောင်းလမ်းညွှန်မှုတို့ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် Active Electronically Scanned Array Antenna ကိုအသုံးပြုထားသည်။ တီထွင်ထုတ်လုပ်သည့် Leonardo ကုမ္ပဏီ၏ အဆိုအရ ၎င်းသည်လှုပ်ရှားစစ်ကစားမှု မြင့်မားကောင်းမွန်သောပစ်မှတ်များကို တစ်စက္ကန့်အတွင်း Update ဖမ်း ထောက်လှမ်းမှုနှုန်းဖြင့် ပစ်မှတ်များစွာကိုတစ်ပြိုင်နက်တည်း ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိကြောင်း သိရသည်။

အီတလီတပ်မတော်သည် ဟိုက်ပါဆောနစ် ဒုံးကျည် များကဲ့သို့သော ခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်း အဆင့်မြှင့်တင်ရန်အတွက် SAMP/T NG လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် စုစုပေါင်း ၁၀ စုံကို Eurosam ကုမ္ပဏီထံမှ မှာယူထားသည်။ SAMP/T NG တပ်ခွဲတစ်ခွဲတွင် Aster ဒုံးခွင်းဒုံး ရှစ်စင်း၊ ဘက်စုံသုံးရေဒါ ယာဉ်တစ်စီး၊ ကွပ်ကဲကြီးကြပ်မှုယာဉ် တစ်စီးတို့နှင့်အတူ ဒုံးပစ်လောင်ချာယာဉ်ခြောက်စီး ပါဝင်ဖွဲ့စည်းထားသည်။

ပြင်သစ်နိုင်ငံမှလည်း မှာယူထားပြီး ပြင်သစ်နိုင်ငံအသုံးပြုမည့် ဗားရှင်းတွင် ရေဒါမှာThales ထုတ် Ground Fire 300 ရေဒါစနစ် အသုံးပြုထားသည်။ ၎င်းတွင် အကွာအဝေး ကီလိုမီတာ ၁၅၀ အတွင်း ဟိုက်ပါဆောနစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းများ ပိုမိုမြင့်မားကောင်းမွန်ကြောင်း သိရသည်။

**Fourth Italian SAMP/T NG Air Defense Radar Completes Key Trial ကို ဘာသာပြန်ဆိုထားပါသည်။**

## အင်ဒိုနီးရှားက တာတိုထောက်လှမ်းခြင်းနှင့်ဒရုန်းအန္တရာယ်တန်ပြန်ရန်အတွက် လေဆာလက်နက်သစ်ကို ထုတ်ဖော်ပြသခဲ့

အင်ဒိုနီးရှားနိုင်ငံပိုင် PAL Indonesia ကုမ္ပဏီသည် တာတို ထောက်လှမ်းခြင်းနှင့် ဒရုန်းအန္တရာယ်တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် လေဆာလက်နက်သစ်ကို အရှေ့တောင်အာရှတွင် ထိပ်တန်းကာကွယ်ရေးပြပွဲတစ်ခုဖြစ်သည့် Indo-Defence 2025 တွင် ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပခုံးထမ်းပစ်ခတ်နိုင်သည့် လက်နက်ပုံစံဖြင့် ပြသထားသော ၎င်းလေဆာလက်နက်သစ်သည် စွမ်းအားမြင့်လေဆာရောင်ခြည်ကိုအသုံးပြု၍ FPV ဒရုန်းများ၏ အမြင်အာရုံခံစနစ်များကို မှုန်ဝါးသွားစေခြင်း သို့မဟုတ် အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လေဆာလက်နက်သစ်သည် ကျစ်လျစ်သိပ်သည်းစွာ တည်ဆောက်ထားခြင်းဖြစ်၍ ဗုံးပစ်လောင်ချာလက်နက်ပုံစံမျိုး အလွယ်တကူ ကိုင်တွယ်ပစ်ခတ်နိုင်ရန် တီထွင်ထုတ်လုပ်ထားခြင်းမျိုးဖြစ်သည်။ ၎င်းတွင် ဒရုန်းများပျံသန်းနေသည်ကို ခြေရာခံနေစဉ်တွင်ပင် ပစ်မှတ်ကိုလျင်မြန်စွာ လိုက်လံချိန်ရွယ်နိုင်မည့် ချဲ့အား (1x မှ 4x)ထိ ပြောင်းလဲကြည့်ရှုနိုင်သော ချိန်ဆိုက်ဒ်တစ်ခု တပ်ဆင်အသုံးပြုထားသည်။ အော်ပရေတာအနေဖြင့် ဘက်ထရီကို ကျောပိုးအိတ်တွင်ထည့်၍ တိုက်ပွဲဝင်နိုင်မည်ဖြစ်ကာ လက်နက်အလေးချိန်ကို လျှော့ချပေးထားသည်။

လေဆာစွမ်းအင်အထွက်နှုန်းမှာ ၀ ဒသမ ၇၅ မှ ၂ ကီလိုဝပ်အတွင်းသာရှိပြီး အသေးစားဒရုန်းများနှင့် ဖောက်ခွဲရေးပစ္စည်းတင်ဆောင်ထားသော ဒရုန်းများ၏ အာရုံခံကိရိယာများကို လောင်ကျွမ်းဖျက်ဆီးရန် သို့မဟုတ် ယာယီမြင်ကွင်းကွယ်ပျောက်သွားစေရန် လုံလောက်သောစွမ်းအင်ပမာဏဖြစ်ကြောင်း သိရသည်။ စစ်ဆင်နိုင်သည့် အကွာအဝေးသည် မီတာ ၅၀ မှ ၄၀၀ အတွင်းသာရှိပြီး မြို့ပြစစ်ဆင်ရေး၊ အခြေစိုက်စခန်းများ၊ အရေးကြီးယာဉ်တန်းများ အနီးကပ်ကာကွယ်ရေးနှင့် အချက်အချာနေရာများအတွက် အနီးကပ် ဒရုန်းရန်ကာကွယ်ရေးတွင် အသုံးတည့်မည်ဟု သိရသည်။

လေဆာလက်နက်၏ အလေးချိန်သည် ၄ ကီလိုဂရမ်မှ ၄ ဒသမ ၅ ကီလိုဂရမ်ကြားသာရှိသည့်အတွက် လူတစ်ကိုယ် သယ်ဆောင်တိုက်ပွဲဝင်နိုင်သောလက်နက်မျိုးဖြစ်သည်။ လက်နက်၏ အရွယ်အစားနှင့်ဖွဲ့စည်းပုံအရ PAL Indonesia မှ တီထွင်ထားသည့် လေဆာလက်နက်သည် တန်ဖိုးနည်းဒရုန်းများ၏ ဘက်မညီခြိမ်းခြောက်မှုများကို လိုက်လျောညီထွေဖြစ်စွာ တန်ပြန်နိုင်ရန် ရည်ရွယ်ထားပြီး မကြာသေးမီက ပဋိပက္ခများတွင် တန်ဖိုးနည်း FPV ဒရုန်းများကို တွင်ကျယ်စွာအသုံးပြုလာမှုသည် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာစေခဲ့သည်။



၎င်း၏ဒီဇိုင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရှေ့တန်းအကဲကြည့်စခန်းများနှင့် တပ်စခန်းများတွင် အုပ်ချုပ်ထောက်ပံ့မှုကိစ္စမရှုပ်ထွေးစေဘဲ အနီးကပ် ဒရုန်းရန်ကာကွယ်ရေးအတွက် ထည့်သွင်းစဉ်းစားနိုင်စေမည်ဖြစ်သည်။

PAL Indonesia ကုမ္ပဏီသည် အစဉ်အလာအားဖြင့် ရေတပ်သင်္ဘောတည်ဆောက်ရေးနှင့် ရေကြောင်းကာကွယ်ရေးစနစ်များကို ထုတ်လုပ်လျက်ရှိပြီး ခေတ်သစ်စစ်ပွဲများ၏ တိုးတက်ပြောင်းလဲနေသော တန်ပြန်ဒရုန်းနည်းပညာများကိုပါ တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်း လုပ်ဆောင်လာနိုင်မှုအပေါ် သက်သေပြနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ တပ်မတော်များသည် တန်ဖိုးနည်း၊ နည်းဗျူဟာမြောက် ဒရုန်းများပြန့်ပွားလာမှုအတွက် ကုန်ကျစရိတ်သက်သာသော ချက်ချင်းတုံ့ပြန်နိုင်မည့် ဖြေရှင်းနည်းများကို ရှာဖွေနေသောကြောင့် အဆိုပါ လေဆာလက်နက်စနစ်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းသည် စစ်မှုရေးရာမူဝါဒ ပြောင်းလဲကျင့်သုံးဖော်ဆောင်လာမှု၏ ဆင့်ကဲဖြစ်စဉ်များကို ဖော်ညွှန်းပြသလျက်ရှိသည်။ ၎င်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် PAL Indonesia သည် ပြည်တွင်း၌ရော နိုင်ငံတကာတွင်ပေါ်ပေါက်လာသော ဒရုန်းရန်တိုက်ဖျက်ရေးလိုအပ်ချက်များအပေါ် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားပုံရှိသည်။

**IndoDefence 2025: Indonesia Fields New Laser Weapon to Counter Kamikaze Drone Threat ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၃၁ ဧကထိ စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၄၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင်ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြခဲ့သည်။ (၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ညောင်ရွှေမြို့နယ် ကျွဲတူးထီးလင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ညောင်ရွှေ ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွဲတူးထီးလင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို မိမိတို့ကျေးရွာအလိုက် အများသဘောတူဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကျွဲတူးထီးလင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဓနုဖြူမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ဓနုဖြူ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဇွန်လပထမပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါကန်စွန်းဥများ ပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိဒေသခံတောင်သူတွေ စိုက်ထားတဲ့ကန်စွန်းဥတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေအရောင်းအဝယ်ကောင်းမွန်နေတော့ ကန်စွန်းဥစိုက်တောင်သူတွေ၊ လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ် ကန်စွန်းဥအရောင်းအဝယ်ကောင်းလာတာက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် အခြားရာသီပေါ်သီးနှံများလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ကန်စွန်းဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧက စသဖြင့် စိုက်ပျိုးကြပြီး ကန်စွန်းဥတစ်ဧကလျှင် လက်ရှိကာလအထွေထွေ စိုက်ပျိုးစရိတ် ငွေကျပ် ၃၅၀၀၀၀ ထိ ကုန်ကျကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပြည်မြို့နယ် မုဋ္ဌောကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မုဋ္ဌောကျေးရွာ၌ မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက မုဋ္ဌောကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ အတိုးနည်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေများ ထုတ်ချေးခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မုဋ္ဌောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၃ ဒသမ ၃၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၂၁ ဒသမ ၅၇ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၃ ဦးကို Mobile Financial Payment စနစ်အသုံးပြုပြီး ရန်ပုံငွေကျပ် ၄၅ ဒသမ ၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# ၁၅ ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်







ရန်ကုန် ဇွန် ၁၃

၁၅ ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် Park Royal ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သုတစွယ်စုံစာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ သုတစွယ်စုံစာပေဆုရပုဂ္ဂိုလ်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲတွင် ဆုရရှိသောပုဂ္ဂိုလ်များအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကောင်းတာကိုစဉ်းစား၍ ကောင်းတာကိုလုပ်ဆောင်နိုင်ရန် စာပေဖတ်ရှုမှုများလိုအပ်ပြီး ကြားလူနောက်ပါက သွေးကွဲနိုင်၍ ယနေ့လိုကာလတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းမှုမရှိစေရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းဖြင့် အလင်းဆောင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဂါရဝေါစ နိဝါတောစ မင်္ဂလာတရားများ သိရှိနိုင်ရန်နှင့်အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်ရန် စာပေဖတ်ရှုရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကိုတန်ဖိုးထားမြတ်နိုးသူတစ်ဦးဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များစာပေဖတ်ရှုရန်အစဉ်တိုက်တွန်းလျက်ရှိပါကြောင်း။

နိုင်ငံနှင့်ပြည်သူကိုအကျိုးပြုသည့် စာပေပညာရှင်များ၏ ကလောင်စွမ်းအားကို လေးစားဂုဏ်ပြုသောအားဖြင့် ယခုလိုဆုချီးမြှင့်ခြင်းဖြစ်ပါကြောင်းနှင့် ကလောင်စွမ်းအားဖြင့် တိုင်းပြည်ငြိမ်းချမ်းပြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သုတစွယ်စုံစာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဖ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်းရင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်၊ ဆုရွေးချယ်ရေးအဖွဲ့၏အကဲဖြတ်သုံးသပ်ချက်များနှင့် သုတစွယ်စုံစာပေဆုရရှိကြသည့် စာပေပညာရှင် ၁၂ ဦး၏ စာအုပ်သမိုင်းအကျဉ်းတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုတစွယ်စုံတစ်သက်တာစာပေဆုရရှိသော ဒေါက်တာခင်မောင်ညို၊ သုတစွယ်စုံစာပေဆုရရှိသော ဆရာနိုင်ဇော်(ရည်ညွှန်းစာပေ)နှင့် ဗိုလ်အေးမြင့်ကြူ(အတ္ထုပ္ပတ္တိစာပေ)တို့ကို လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သိန်းထွန်း(မြဝတီ)(သုတ–ဝိဇ္ဇာ) နှင့် ဒေါက်တာသိန်းဆွေ(ပြည်သူ့ကျန်းမာရေး)(အသုံးချသိပ္ပံ)တို့ကိုလည်းကောင်း၊တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ကျော်ကျော်လှိုင်(သုတ–ဝိဇ္ဇာ)ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက နေဇင်လတ်(ဘာသာပြန်စာပေ)၊ မောင်ခေတ်ထွန်း(စာပဒေသာ)၊ ဟိန်းလတ်(အတ္ထုပ္ပတ္တိစာပေ)၊ ဒေါက်ထွေး(ဆေး/မန်း)(စာပဒေသာ)၊ ကျော်ညွန့်ရည်(သုတ – ဝိဇ္ဇာ)နှင့် ပါမောက္ခဒေါက်တာမြသိန်းဟန်(အသုံးချသိပ္ပံ)တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သုတစွယ်စုံစာပေအလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရုဖ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ပြန်ကြားရေးဝန်ကြီးဌာန၏ လျှော်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၂၀ ကို စာကြည့်တိုက်မှ တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သုတစွယ်စုံစာပေဆုရရှိသော ဆရာမောင်ခေတ်ထွန်း၊ဆရာဟိန်းလတ်နှင့် ဒေါက်တာခင်မောင်ညိုတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

၁၅ ကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၆၂ သိန်းကို ပေးအပ်ထောက်ပံ့ခဲ့သည်။ ယနေ့အခမ်းအနားတွင် သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် ငွေကျပ် ၃၇ သိန်းနှင့် သုတစွယ်စုံစာပေဆုအတွက် တစ်ဦးလျှင် ကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းဖြစ်သော Skynet DTH ရုပ်သံလုပ်ငန်းသို့ ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ Senior Chair Women ဒေါ်နန်းမောက်လောင်စိုင်းက Skynet DTH စတည်တည်ထောင်ခဲ့မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက "ပြည်သူ့အတွက် စကိုင်းနက်" ဆောင်ပုဒ်နှင့်အညီ ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်သောမီဒီယာလုပ်ငန်းကြီးဖြစ်၍ သက်ဆိုင်ရာမီဒီယာဥပဒေများ၊ Update ညွှန်ကြားချက်များ၊ မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ကုမ္ပဏီမှ Managing Director ဦးမင်းမင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စတူဒီယိုများအတွင်း ရိုက်ကူးရေးလုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တာမွေမြို့နယ် ရွှေထွဋ်တင်ဝင်းအတွင်းရှိ စတူဒီယိုများသို့ သွားရောက်ကြရာ ဒေါ်နန်းမောက်လောင်စိုင်းနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဦးစွာရှင်းလင်းတင်ပြကြပြီး ရိုက်ကူးရေးလုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ရွှေသံလွင်မီဒီယာကုမ္ပဏီသည် Skynet DTH အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ DVB–T2 Free To Air ထုတ်လွှင့်မှုတွင်လည်း MNTV Channel နှင့် Channel 9 ထုတ်လွှင့်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MITV Channel တို့အပြင် ရွှေ FM နှင့် MIR ရေဒီယိုလုပ်ငန်းကိုလည်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်

နေပြည်တော် ဇွန် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ဇွန် ၁၁ ရက်မှ ၁၂ ရက်ထိ "Shaping the Future" "ကမ္ဘာကြီး၏အနာဂတ်ကိုပညာရေးဖြင့်ပုံဖော်ခြင်း" ဟူသောခေါင်းစဉ်ဖြင့်ကျင်းပသည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ကာဇန်မြို့၌ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပညာရေးဝန်ကြီး Sergey Kravtsovဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် IT Park အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံကာ နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။




တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သတင်းထောက်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး IT Park အဆောက်အအုံ၌ ဖွင့်လှစ်ထားရှိသည့် ကလေးငယ်များကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးချလက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိသော သင်တန်းခန်းမများသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ရုရှားနိုင်ငံ၏ပညာရေးဆိုင်ရာလှုပ်ရှားမှုများ ဒစ်ဂျစ်တယ်ပညာရေးစနစ် ဆောင်ရွက်နေမှုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် "Shaping the Future" "ကမ္ဘာကြီး၏အနာဂတ်ကို ပညာရေးဖြင့်ပုံဖော်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ Vladimir Putin နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Sergey Lavrov'sတို့က အွန်လိုင်းမှ အမှာစကားပြောကြားကြသည်။

ယင်းနောက် တာတာစတန်အုပ်ချုပ်ရေးမှူးက ရုရှားနိုင်ငံသမိုင်းကြောင်းနှင့် သင်ရိုးညွှန်းတမ်းများတွင် သမိုင်းသင်ကြားရေးအရေးပါပုံများကိုလည်းကောင်း၊ ပညာရေးဝန်ကြီး Sergey Kravtsovက ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာနိုင်ငံတကာပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသောနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဖိုရမ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် Buryatiaသမ္မတနိုင်ငံ ပညာရေးနှင့်သိပ္ပံဝန်ကြီး Pozdnyakov Valery Anatoly–evich နှင့် ပညာရေးပူးပေါင်းဆောင်ရွက်ရေး အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ပြီး Altai State Pedagogical တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် Road Map ကို လက်မှတ်ရေးထိုးခဲ့သည်။

ညပိုင်းတွင် ခေတ္တတည်းခိုရာ Kazan Palace ဟိုတယ် Topaz(Crystal) Hall ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၂ ရက်နံနက်ပိုင်းတွင် ဖိုရမ်သို့တက်ရောက်လာကြသော ပညာရေးဝန်ကြီးများ၏ အလုပ်သဘော နံနက်စာသုံးဆောင်ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ကာဇန်မြို့ရှိ Adymnar Secondary School သို့သွားရောက်လေ့လာရာ ကျောင်းတာဝန်ရှိသူများက ကျောင်းအဆောက်အအုံအတွင်း စာသင်ခန်းများ၊ စာကြည့်တိုက်၊ အားကစားခန်းများ၊ စုဝေးခန်းမများနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးချသင်ကြားသင်ယူမှုဆောင်ရွက်ခြင်းများကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရတနာဆင်များရှင်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဦးပွားစေတီတော်မြတ်ကြီး၌ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှုအခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဆွမ်းချက်ရပ် ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရား၊ သကျဓိတာသီလရှင်စာသင်တိုက်၊ မိုးညှင်းတောရကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဓမ္မသီလကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများအတွက် ဘိလပ်မြေ အိတ် ၁၀၀ ကို လှူဒါန်းခဲ့ကြသည်။

အလားတူ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံ၍အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် မေးခွန်း၊အဖြေလွှာများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုစဉ်ကာလအတွင်း အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးတို့အတွက် ဌာနအလိုက်ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တိုင်းဒေသကြီးပညာရေးမှူးရုံးမှတာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင်ပညာရေးမှူး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့သို့သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရန်အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ်သို့သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျစီစဉ်ဆောင်ရွက်ထားရေး၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊မေးခွန်း၊အဖြေလွှာစသည့် စာရွက်စာတမ်းများကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများအချိန်မီသွားလာနိုင်ရန်တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဦးပွားစေတီတော်မြတ်ကြီးနှင့် အာနန္ဒာမြတ်စွာဘုရားတို့သို့သွားရောက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းတိုက်အတွင်းရှိသာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများကို တပ်မတော်သား စစ်သည်များက အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊သံဃာတော်များ ခေတ္တသီတင်းသုံးရန် ယာယီကျောင်းဆောင်များဆောက်လုပ်ထားရှိမှု အခြေအနေများ၊ ဘုရားဝင်းအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက်အခမဲ့ဆေးပေးခန်းဖွင့်လှစ်ထားရှိမှုအခြေအနေများနှင့်စက်ယန္တရားကြီးများအသုံးပြု၍အပျက်အစီးများရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက် စာသင်ခုံများ စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နေရာကွက်၍ မိုးကြီးနိုင်မှ

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




နေပြည်တော် ဇွန် ၁၃

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုးညွန့်+ ဒေါ်ခင်ကြည် (ကြာညိုပန်း-မိသားစု)က ငွေကျပ်သိန်း ၅၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ရုံးသို့ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်

နေပြည်တော် ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် အသုံးဆောင်ပစ္စည်းများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို ရင်းရင်းနီးနီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသား တစ်ဦးကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၁၃ ရက်ထိ သေဆုံးသူ ၃၇၄၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ဦးရေ ၈၃၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

ရန်ကုန် ဇွန် ၁၃

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက် လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❖ မြန်မာအမျိုးသမီးအသင်းမှအဆက်

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ မြန်မာအမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅ မိနစ်တွင် စုစုခိုင်၊ ပွဲချိန် မိနစ် ၂၀ တွင် မိုးပွင့်ဖြူ၊ ပွဲချိန် ၂၃ မိနစ်တွင် ဒေစီအောင်၊ ပွဲချိန် ၄၁ မိနစ်တွင် ပင်မြင့်ယံ၊ ပွဲချိန် ၄၅ မိနစ်တွင် ဝင်းစန္ဒာ၊ ပွဲချိန် ၆၇ မိနစ်တွင် နှင်းစန္ဒာဝင်းနှင့် ပွဲချိန် ၇၉ မိနစ်တွင် ယမင်းဖြူတို့က သွင်းယူပေးနိုင်ခဲ့သည်။

အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ အိမ်ရှင်ဗီယက်နမ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း လာအိုအသင်းကို ခြောက်ဂိုး ဂိုးမရှိ၊ တီမောလက်စ်တေအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ဗီယက်နမ်အသင်းက အုပ်စုပထမနှင့် မြန်မာအသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းသည် လာမည့် ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ



ကချင်ပြည်နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၃**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြန်လည်စစ်ဆေးကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

**နေပြည်တော် ဇွန် ၁၃**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်အသုံးပြုနေမှုများကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးက တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု သတင်းရရှိသည်။ (၅၀၁)

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက သြဝါဒစကား ပြောကြားပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုး(အငြိမ်းစား)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား အသုံးအဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး ရေတပ်သင်္ဘောကျောင်းဌာနချုပ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၁၃

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် အရာရှိ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ရေတပ်သင်္ဘောကျောင်း ဌာနချုပ်အသင်းနှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ရေတပ်သင်္ဘောကျောင်းဌာနချုပ်အသင်းကို ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်းကိုး သင်းဖြင့် မေ ၂၃ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

## အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇွန် ၁၃

အနောက်တောင် တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဆင့်ပွားဒိုင်းဆုနှင့် ဒိုင်းဆုရရှိသော ပုသိမ်လေတပ်စခန်းဌာနချုပ်အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသားပွဲစဉ် ကာဘိုင်ထိလဲစွမ်းရည်ပြပစ်ခတ်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပုသိမ်လေတပ်စခန်းဌာနချုပ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
   - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
   - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
   - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### နေ့စဉ်ကျန်းမာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ ခြောက်ဦး သေဆုံး










KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကော့ဘော်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက်လေးနှစ်နှင့် ကိုးနှစ်အရွယ် ကလေးငယ် နှစ်ဦးအပါအဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ဘော်ကျေးရွာ၏အရှေ့မြောက်ဘက် မီတာ ၂၇၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက်လေးနှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦး သေဆုံးပြီး အသက် ကိုးနှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး လက်နက်ကြီးစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်ဒဏ်ရာရရှိသူ သုံးဦးကို ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်ရှိသူများကပို့ဆောင်စဉ် ရရှိသော ဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် မြို့၊ရွာ၊ ရပ်ကွက်များအတွင်းသို့ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ မကြာခဏ သေဆုံးမှုများဖြစ်ပေါ်လျက်ရှိပြီး ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**☆ ကျောဖုံးမှအဆက်**

စီးနင်းလိုက်ပါလာသော WISH အမျိုးအစား မော်တော်ယာဉ်အား ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်း၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တာဝန်ရှိသူများက ကျိုက်ထိုပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်ဖျက်မီဒီယာများက တပ်မတော်ယာဉ်တန်းကို မိုင်းဆွဲတိုက်ခိုက်စဉ် အရပ်သားများလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးအား မိုင်းစထိမှန်ခဲ့ပြီး အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်ဝါဒဖြန့် သတင်းထုတ်ပြန်မှုများရှိနေသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ သွားလာနေသည့် လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံ ထောင်ခြင်း၊ အဝေးမှ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ မကြာခဏပြုလုပ်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများမကြာခဏ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)









KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ပညာအရောင် အလင်းဆောင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

**ထက်ဝေအောင်(စစ်ကိုင်း)**

နိုင်ငံတစ်နိုင်ငံဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးသည် ကဏ္ဍတစ်ခုအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်နေလေ့ရှိသည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်ရေး၊ အဆောက်အအုံနှင့် လမ်းတံတားတည်ဆောက်ရေး၊ အိုင်တီနည်းပညာမြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအစရှိသော အရေးပါသည့်နယ်ပယ်အသီးသီးတွင် ပညာ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိရသည်။ ပညာသင်ကြားခြင်းသည် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြစ်သည်။ ပညာအရင်းအနှီးဖြင့်ပင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်နိုင်ခွင့်ရှိခြင်းကြောင့် ပညာကို ကြိုးစားသင်ယူကြရမည်ဖြစ်သည်။

ဘဝအုတ်မြစ်ခိုင်ခံ့အောင် တည်ဆောက်ကြရာတွင် ပညာရေးသည် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်သည်။ ကျောင်းတွင်းပညာသင်ယူခြင်းမှ အစပြု၍ ဘဝကိုပိုမိုတောက်ပအောင် ဆောင်ရွက်နိုင်ပေသည်။ ပညာဥစ္စာရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်ဘဝခရီးအတွက် လွန်စွာအရေးပါလှသည်။ ပညာသင်ခါမရှက်ပါနှင့်ဆိုသည့် ရှေးလူကြီးများ၏ သွန်သင်ဆုံးမမှုအတိုင်း ပညာကို သင်ယူရာတွင် မရှက်မကြောက်စိတ်ပါဝင်စားစွာ သင်ယူကြရမည်ဖြစ်ပေသည်။ ပညာသင်ယူရာတွင် စိတ်ပါဝင်စားမှုရှိရမည်ဖြစ်ပြီး စိတ်၏စူးစိုက်မှုသည် ကလေး၊ လူကြီးမရွေး မှတ်ဉာဏ်ကို တိုးတက်စေသည်။ သင်ယူနိုင်စွမ်းရှိသလောက်ဦးနှောက်ဖွံ့ဖြိုးမှုကိုလည်း ဖြစ်ပေါ်စေပြီး ဖြတ်ထိုးဉာဏ်ကောင်းစေသည်။ အခြားသော အထွေထွေဗဟုသုတနှင့် ပညာလေ့လာမှုဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင်လည်း တိုးတက်စေနိုင်သည်။ ကျောင်းတွင်းပညာသင်ယူခြင်းသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးကို ဗဟိုပြု၍ အကျင့်စာရိတ္တကို ပြုပြင်ပေးနိုင်သည်။ လောကအကျိုးသယ်ပိုးခြင်း၊ ကိုယ်ချင်းစာတရားလက်ကိုင်ထားခြင်း၊ မျှဝေခြင်းကဲ့သို့ ကောင်းမွန်သောစိတ်စေတနာများ တိုးပွားစေနိုင်သည်။

နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်သည် ကျယ်ဝန်းနက်ရှိုင်းလှပေသည်။ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုပညာရပ်များကို လွယ်လင့်တကူသင်ကြားခွင့်ရရှိမှု ဦးတည်ချက်ထက် သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ပန်းတိုင်ထိ ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ပညာသင်ကြားသူတိုင်း အနာဂတ် အလင်းတန်းကို မြင်နိုင်ခွင့်ရှိပေသည်။ ပညာနှင့် အလုပ်အကိုင်တွဲစပ်ဖော်ဆောင်သည့် ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူအားလုံး လိုက်ပါကြရမည်ဖြစ်သည်။ မိမိနှစ်သက်ရာဘာသာရပ်အလိုက်၊ ဝါသနာအလိုက်ရွေးချယ်ပြီး နိုင်ငံ၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ပီပီပြင်ပြင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာခေတ်တွင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်အလျောက် မိဘများအနေဖြင့် မိမိရင်သွေးငယ်များကို ပညာအမွေပေးရေး လက်မနှေးသင့်ပေ။

သို့ဖြစ်၍ ပညာခေတ်တွင် ပညာရှာဖွေရမည်ဖြစ်သည်။ ပညာရေးအလှမ်းမဝေးရအောင် အနာဂတ်ရင်သွေးငယ်ကလေးများကို ကျောင်းအပ်နှံရမည်ဖြစ်သည်။ ကလေးဟူသည် ကစားမက်သည်။ အိမ်ကို ခင်တွယ်သည်။ မိဘအပေါ် သံယောဇဉ်တွယ်တာလွန်းသည်။ မူကြိုကျောင်းသည် စာသင်ကျောင်းသို့မပို့ဆောင်မီ ကလေးများကျောင်းနေပျော်ရန်

> ❖ပညာခေတ်တွင် ကျယ်ပြန့်သော အတွေးအမြင်များစွာဖြင့် ဝါသနာအလိုက် ကြိုးစားရယူနိုင်မည့်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာသည်။ အဆိုပါ အခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရဖမ်းဆုပ်သွားကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာဖြင့်သာ လူ့အရည်အချင်းတိုးတက်အောင် စွမ်းဆောင်နိုင်ပေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးရေသောက်မြစ်သည် ပညာဖြစ်သည်။ နိုင်ငံ၏ အနာဂတ်ပိုမိုကောင်းမွန်စေရေး ပညာရေးဖြင့် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီးတွင် ပညာရေး၏အရေးပါမှုကို တွေ့ရှိရပေသည် ❖

လေ့ကျင့်ပို့ဆောင်ရသော ရပ်ဝန်းတစ်ခုဖြစ်သည်။ မိဘများသည် ငိုယိုနေသောရင်သွေးငယ်ကလေးများကို ချော့မြှူ၍ ကျောင်းကို ပို့ဆောင်ပေးကြရမည်ဖြစ်သည်။ ကလေး၏မျက်ရည်သည် တစ်ခဏတာအတွက် သနားစရာဖြစ်ပေသည်။ ဘဝအနာဂတ်အတွက်မူ တဒင်္ဂသနားစိတ်ဖြင့် ကျောင်းမပို့မိကြလျှင် တစ်ဘဝစာလုံးအတွက် နစ်နာသွားနိုင်ပေသည်။ ကျောင်းအပ်ခါစကလေးများ မိဘရင်ခွင်မှ ခွဲနေရသည့်အပြင် ကျောင်းနှင့်စိမ်း၍ဝမ်းနည်းနိုင်ပေသည်။ ထိုအချိန်ကလေးအလိုကျ ကျောင်းမပို့ဘဲ ထားခဲ့ပါက ကလေးတွင် ကျောင်းမပျော်စိတ် ကြီးထွားလာနိုင်သဖြင့် ကျောင်းနေပျော်အောင် မိဘ၊ ဆရာများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်သည်။

အသိပညာ၊အတတ်ပညာပြည့်စုံသောပညာတတ်များပေါ်များလာစေရေး ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှပညာသင်ယူခွင့် အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိနေချိန်ဖြစ်သည်။ နိုင်ငံတော်၏ ပညာရေးအထူးမျှော်မှန်းချက်တစ်ရပ်လည်းဖြစ်သည်။ ပညာရေးတွင် ဆုံးခန်းတိုင်ပြီးမြောက်အောင် သင်ယူခြင်းဖြင့် ပိုမိုကောင်းမွန်သောပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်ပေသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူတတ်မြောက်ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ လမ်းပွင့်လျက်ရှိပေသည်။

ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရရှိမှုသည် နိုင်ငံတော်၏ ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှု တစ်ခုဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူရန် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှုမရှိစေရေး မျှော်မှန်းဆောင်ရွက်မှုဖြစ်သည်။ ယခုအခါ ကျောင်းများဖွင့်လှစ်နေပြီဖြစ်ရာ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ အခမဲ့ရယူလျက် ကျောင်းနေပျော်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ပညာပြည့်ဝနှလုံးလှသည့် ဆရာ၊ ဆရာမများ၏ ကြိုဆိုအပြုံးနှင့်အတူ သင်ကြားပြသမည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ယူလျက် အနာဂတ်ပညာခေတ်ကို မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး၏ ပူးပေါင်းစွမ်းအားဖြင့် မြှင့်တင်ကြရမည်ဖြစ်သည်။

အသက်အရွယ်ဟူသည် တရွေ့ရွေ့ကြီးရင့်လာစမြဲဖြစ်သည်။ အသက်အရွယ်အလိုက် သင့်လျော်သောအတန်းကိုယ်စီဖြင့် ကျောင်းနေပျော်နေကြရမည်သာဖြစ်သည်။ အဖြူအစိမ်းသည် ပညာရေး၏ သင်္ကေတ၊ မွန်မြတ်ဖြူစင်သည့် ကျောင်းဝတ်စုံဖြစ်သဖြင့် ဂုဏ်ယူစွာ ကျောင်းတက်၍ ပညာသင်ကြားသင့်ပေသည်။ တူညီဝတ်စုံဖြင့် စာအံသံက စာသင်ကျောင်း၏ အလှတရားဖြစ်သည်။ ကျောင်းတက်ခေါင်းလောင်းသံက ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် မရိုးနိုင်သည့် ဂီတသံစဉ်ဖြစ်သည်။ ဝလုံးကလေးမှ အစပြုသင်ကြားခြင်းမှတစ်ဆင့် အမှားကိုပြင် အမှန်မြင်အောင် လမ်းပြပို့ဆောင်ပေးသည့် ဆရာ၊ ဆရာမတို့၏ အပြုံးပန်းသည်လည်း ပန်းခင်းပမာ မွှေးကြိုင်လျက်ရှိပေသည်။

မိဘ၊ ဆွေမျိုးနှင့် မိမိပတ်ဝန်းကျင်ကို အစဉ်အမြဲကိုယ်စားပြုနေမည့် ပညာသင်ကြားမှုဖြစ်စဉ်တွင် ကျောင်းသား၊ကျောင်းသူများသည် အဓိကဇာတ်လိုက်များဖြစ်သည်။ ဇာတ်ကောင်စရိုက်ပီပြင်စွာ ကျောင်းသွားရမည်။ စာကိုကြိုးစားသင်ကြားကြရမည်။ ကျောင်းနေပျော်၍ စာတော်သော ကျောင်းသားကလေးများဖြစ်ကြရမည်။ ပညာသင်ကြားရခြင်း၏ အနှစ်ချုပ်ကိုလေ့လာမည်ဆိုပါက မိမိနောင်ရေးကောင်းစားရေးအတွက်သာမက မိမိမိသားစု၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်ပေသည်။ ပညာရွှေအိုးလူမခိုးနိုင်ပေ။ မိမိသင်ကြားတတ်မြောက်သည့်ပညာဥစ္စာဖြင့် ရေရှည်အကျိုးစီးပွားကို ဖန်တီးနိုင်ပေသည်။ ပညာခေတ်တွင် ကျယ်ပြန့်သော အတွေးအမြင်များစွာဖြင့် ဝါသနာအလိုက် ကြိုးစားရယူနိုင်မည့် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာသည်။ အဆိုပါ အခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရဖမ်းဆုပ်သွားကြရမည်ဖြစ်သည်။

အသိပညာ၊ အတတ်ပညာဖြင့်သာ လူ့အရည်အချင်းတိုးတက်အောင် စွမ်းဆောင်နိုင်ပေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး ရေသောက်မြစ်သည် ပညာဖြစ်သည်။ နိုင်ငံ၏အနာဂတ်ပိုမိုကောင်းမွန်စေရေး ပညာရေးဖြင့် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ပညာရေး၏အရေးပါမှုကို တွေ့ရှိရပေသည်။

ထို့ကြောင့် ဆင်းရဲတွင်းမှ လွတ်ကင်းနိုင်စွမ်းရှိသည့် ပညာသင်ကြားမှုဖြစ်စဉ်များကို ရပ်တန့်မပစ်ဘဲ ဆက်လက်လျှောက်လှမ်းသွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဆရာ၊ ဆရာမများ၊ မိဘများအားလုံး ကလေးပညာရေးကောင်းမွန်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းပြင်ပသို့ မရောက်ရှိစေရေး၊ ပညာအရောင်အလင်းဆောင်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ကျိုက်လတ်မြို့နယ် ညောင်လန်းအုပ်ကျေးရွာအုပ်စု မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ညောင်လန်းအုပ်ကျေးရွာ၌ ဒုတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်လန်းအုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုလှိုင်

ဝတ္ထုတိုကဏ္ဍ

# လှေနစ်ပေမဲ့ ငါမသေ

## ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ကျွန်တော့်မှာ လှေဝမ်းဗိုက်မှ လွင့်စဉ်မသွားစေရေးအတွက် တက်မ၊ စင်ကို လက်လျှိုသွင်းပြီး တင်းတင်းကုတ်ဆွဲထားသည်။ လှေသည် မရွေ့ချင် ရွေ့ချင် ရွေ့နေပေသည်။ အကြိမ်ပေါင်းများစွာ လှိုင်းရိုက်လာတော့ မွန်းကျပ်မှုက ပိုမိုပြင်းလာသည်။

ခန္ဓာကိုယ်တစ်ခုလုံး နုံးချည့်လာရာ တစ်ချီတစ်ချီတွင် လွင့်စဉ်ထွက်သွားမလားတောင် အောက်မေ့ရသည်။ ညီလေးကို ပခုံးပေါ်တင်ထားရ၍ ပိုဆိုးသည်။ ရှိပါစေ၊ ဘာဖြစ်လဲ၊ သေရင်လည်း ညီလေးနှင့်အတူသေပေ့ါ။ ဖအေတူ မအေတူ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုတွေပဲ လက်တွဲဖြုတ်လို့ဖြစ်မတဲ့လား။ ဖြုတ်ဝံ့တဲ့သတ္တိကောရှိလို့လား။ ပြောသံကြားဖူးပါသည်။ "ကမ္ဘာမီးလောင် သားကောင်ချနင်း" တဲ့။ မနင်းရက်ပါဘူး။ မခြွေရက်ပါဘူး။ ကျွန်တော့်ညီလေး ကျွန်တော်သိပ်ချစ်တဲ့ညီလေး။

ပိုခက်နေသည်က လှေမှာ ရွက်တိုက်ထားတုန်းကလို မရွေ့လျားနိုင်ခြင်းပင်။ သည်အတိုင်းဆိုလျှင် ကမ်းသို့ ကပ်မိဖို့မလွယ်။ ရေတက်ချိန်ရောက်လို့မှ ကမ်းသို့မကပ်လျှင် ရေကျဖြင့်ပြန်လည်မျောပါပြီး ဘင်္ဂလားပင်လယ်ထဲသို့ ရောက်သွားနိုင်သည်။ ညီလေး၏အထုပ်ကလေးကလည်း သူ့ချိုင်းကြားတွင် တွဲလောင်းဆွဲပြီးပါနေပေရာ သူ့အတွက်ရော ကျွန်တော့်အတွက်ပါ အနှောင့်အယှက်တစ်ခုလိုဖြစ်နေပေတော့သည်။

"ညီလေးရေ အဲဒီအထုပ်ကလေး ပစ်ချလိုက်တော့နော်။ ရွာရောက်ရင် ညီလေးကို ကိုကြီး ဒီထက်လှတာတွေ ဝယ်ပေးမယ်သိလား"

ညီလေးမှာ ကျွန်တော့်ကို မျက်စိပျက်မျက်နှာပျက်ပျက်နှင့် တစ်ချက်ငုံ့ကြည့်သည်။ ဦးခေါင်းကိုတော့ ခပ်လေးလေးပဲ တစ်ချက်ညိတ်လိုက်သည်။ ညီလေး၏အထုပ်ကလေးကတော့ သူ့လက်ထဲမှလွှတ်လိုက်တယ်ဆိုလျှင်ပဲ ခဏကလေးသာ ရေပေါ်မှာ မြင်လိုက်ရပြီး ရေအောက်သို့ငုပ်လျှိုးသွားခဲ့လေပြီ။

" ဟီး ဟီး ဟီး ဟီး ဟီး "

မိမိပိုင်ပစ္စည်းတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အဖြစ်ကြောင့် ယူကျုံးမရဖြစ်ရသည့် ခံစားချက်ဝေဒနာသည် ညီလေး၏နှလုံးအိမ်ကို ပြင်းစွာရိုက်ခတ်ခဲ့လေပြီ။ သူ့အထုပ်ကလေးအတွက် နှမြောတသမှုများသည် ညီလေးအတွက် ရင်နှင့်အမျှရှိနေပေမည်။

"တိတ်စမ်းပါ ညီလေးရယ်။ မကြာခင် ကမ်းရောက်တော့မယ်နော်။ ရွာရောက်ရင် ညီလေးအတွက် ဦးဖိုးစောဆိုင်က အလှဆုံးပုဆိုး၊ အင်္ကျီ ကိုကြီးဝယ်ပေးမယ်နော်"

ညီလေးမှာ တရှုံ့ရှုံ့ငိုမြဲငိုနေသည်။

"ကဲ တိတ်ပါတော့ ညီလေးရာ။ ညီလေးငိုရင် ကိုကြီးပါ ငိုချင်လာပြီ"

ညီလေးမှာ အငိုမျက်နှာနှင့် ကျွန်တော့်ကို တစ်ချက်ငုံ့ကြည့်သည်။ ကျွန်တော့်မှာ မျက်စိကို တင်းတင်းမှိတ်ပစ်လိုက်ရာ မျက်လုံးအိမ် ထောင့်စွန်းဖျားများမှ အပူစီးကြောင်းများ သွယ်ဆင်းလာကြသည်။ သို့သော် ကျွန်တော့်မျက်နှာပေါ်တွင် ကြာကြာမနေခဲ့ရ။ ဒီရေလှိုင်း၏ဆေးကြောခြင်းကို ခံလိုက်ရသည်။ ညီလေး၏ရှိုက်သံကတော့ လွင့်ပျံ့နေဆဲ။

"တို့ ဒီအတိုင်းချည်းခံနေရင် တစ်ချီချီမှာ လွင့်သွားနိုင်တယ် လှေကိုမှောက်လိုက်ကြရင်ကော"

" ဟာ မလုပ်နဲ့ မလုပ်နဲ့။ မဖြစ်ဘူး မဖြစ်ဘူး။ လှေကျောမှာ ရေညှိတွေနဲ့ ချောကျိနေတာဆိုတော့ တို့ဘာကိုကိုင်ပြီး တောင့်ခံနိုင်မှာလဲ ချက်ချင်းလွင့်စဉ်ထွက်သွားလိမ့်မယ်။ မလုပ်ကြနဲ့ ဒီအတိုင်းနေ"

ကျွန်တော့်စကားကြောင့် သိန်းနုအောင်မှာ မချင့်မရဲ ငြိမ်နေလိုက်ရသည်။ အကယ်၍ လှေကိုမှောက်လိုက်ရင်တော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ဝိညာဉ်တွေဟာ ခန္ဓာကိုယ်ထဲကအစောဆုံး ထွက်ပြေးသွားကြမှာ အမှန်ပါပဲ။ နေလုံးကြီးတောင် ပင်လယ်ပြင်ထဲသို့ ငုပ်ဝင်တော့မလိုဖြစ်နေပါပေ့ါလား။ ကျွန်တော်တို့ မြစ်ပြင်ကျယ်ကြီးထဲမှာ လှေနစ်ပြီးမျောပါနေခဲ့ကြသည်မှာ တစ်နေကုန်ခဲ့ပေပြီ။ နေဝင်လုနီးကာလ ဖြစ်တတ်သည့်သဘာဝအတိုင်း အရာရာသည် မှိုင်းမှိုင်းညို့ညို့ ဆိုင်းဆိုင်းဆို့ဆို့။ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တို့သည် ကျွန်တော့်သွေးကြောမျှင်များအနှံ့ ပျံ့နှံ့လျက်ရှိနေပေပြီ။ ဟိုဟိုသည်သည် ဝေ့ယမ်းကြည့်တော့လည်း လှေတစ်စီးတစ်လေမျှ လှုပ်လှုပ်ပုတ်ပုတ် မမြင်ရ။

"ကိုကြီးရေ ညီလေး၊ သိပ်ညောင်းနေပြီဗျာ"

"ညီလေး တောင့်ခံထားနော်။ ဟိုမှာတွေ့လား ကျွန်းကိုမြင်နေရပြီ။ အဲဒီမှာ တောင်ရှည်ဆိုတဲ့ရွာရှိတယ်။ ရောက်တော့မယ်နော် ညီလေး"

ကံကြမ္မာဟူသည် အလှည့်ကြုံတတ်စမြဲပဲလေ။ လင်လှုပ်ကျွန်းတောင်မော်ဖျားမှ ရေဝဲကတော့သည် ကျွန်တော်တို့ကို အရှိန်ပြင်းပြင်း၊ ဆောင့်တွန်းလျက်ရှိနေပေပြီ။ ကျွန်တော်တို့သည် တောင်ရှည်ကျွန်းဘက်သို့ ခပ်သွက်သွက် ရွေ့ပါနေကြလေပြီ။ စိတ်ရင်ပြင်တွင် ဝမ်းသာမှုဂယက်တစ်ခု ကသီလင်တ ထင်ဟပ်သွားသည်။ နေခြည်အပျောက်တွင်တော့ ကျွန်တော်တို့တစ်တွေမှာ တောင်ရှည်ကျွန်းသို့ ရောက်ခဲ့ကြရလေတော့သည်။ သေကံမရောက် သက်မပျောက်ဘဲ သေတွင်းထဲမှ ထွက်လာခဲ့ကြရသောအဖြစ်တွေမို့ ကျွန်တော်တို့တွေ ဝမ်းသာလိုက်ကြသည်မှာ ပြောစရာမရှိပြီ။

"ညီလေး ဆင်းတော့ ကျွန်းရောက်နေပြီလေကွာ"

" ကျွန်တော့်ပခုံးပေါ်က ညီလေး မလှုပ်၊ ဘာမျှမလှုပ်"

ကျွန်တော့်ရင်မှ ဝေဒနာပင့်သက်တစ်ချက် လွင့်ထွက်သွားသည်။

"ဟေ့ သိန်းနုအောင်ရေ မြသိန်း၊ မြန်မြန်လာကြပါအုံး။ ငါ့ညီလေး ဘယ်လိုဖြစ်သွားတာလဲ လာကြည့်ကြပါအုံး"

ကျွန်တော် မလှုပ်ရဲတော့ပေ။ သိန်းနုအောင်နှင့် မြသိန်းတို့က ညီလေးကို ကျွန်တော့်ပခုံးပေါ်မှ သယ်မပြီး ချယူကြသည်။ ညီလေးကတော့ ဘာမျှမလှုပ်၊ ကျွန်တော့်အတွက် ကမ္ဘာမီးတစ်ကြိမ်လောင်ပြန်ရော့လား။ အမေကွယ်လွန်တုန်းက ပူဆွေးခဲ့ရသည့် သောကဝေဒနာမျိုး၊ ညီထွေးလေး ဆုံးတုန်းက ရှိုက်ငိုခဲ့ရသော ပူဆွေးမှုမျိုး အခုတစ်ကြိမ်လာပြန်ရော့လား။ မိုးကလည်းချုပ်သွားချေပြီ။ ညဦးလမိုက်ကာလမို့ ချက်ချင်းမှောင်မည်းသွားသည်။ နေရာကလည်း လူသူမနီးသည့် ဒီရေရောက်တောကြီးထဲမှာ။ ဪ ချောက်ချားလိုက်ပါဘိ။ သိန်းနုအောင်နှင့် မြသိန်း ကျွန်တော့်ညီလေးကိုဝိုင်းမပြီး ကျွန်တော့်ပခုံးပေါ်က သယ်ချလိုက်ကြ၏။

"ရွာကတော့ မြောက်စူးစူးမှာပဲ ဖြစ်လိမ့်မယ်"

သိန်းနုအောင် ထင်မြင်ချက်ပေးသံ။ ကျွန်တော်တို့မှာ အထက်ကျွန်းစဉ်နယ်ဘက်သို့ သွားလာတိုင်း တောင်ရှည်ကျွန်းကို အဝေးကသာ လှမ်းမြင်နေရသည်။ ရောက်ကား မရောက်ဖူးကြ၊ ကျွန်တော်တို့ ဒီရေရောက်တောကြီးထဲသို့ ဝင်လိုက်ကြသည်။ ကျွံလိုက်သည့် ရွှံ့၊ ကိုက်လိုက်သည့် ခြင်၊ ရှုပ်လိုက်သည့် တောချုံနွယ်။ ညီလေးအတွက် စိုးရိမ်မှုသောကချော်ရည်ပူများသည် ကျွန်တော့်ရင်ထဲတွင် ဆူပွက်နေပေသည်။ တစ်နာရီခန့် ဖောက်လိုက်ပြီးချိန်တွင်တော့ ဒီရေတောမှာ ပါးလျားလာခဲ့သည်။ တဖြည်းဖြည်း မြေမာကိုနင်းမိလာကြသည်။ မြေမာသို့ရောက်ပြီး မကြာမီပင် ကွင်းပြင်သို့ရောက်ရှိကြပေသည်။ ရေနံဆီမီးခွက်များ၏ မီးရောင်မှိတ်တုတ်မှိတ်တုတ်ကို လှမ်းမြင်လိုက်ကြရသည်။

" ဟိုမှာ ရွာပဲ တွေ့ပြီ တွေ့ပြီ"

မြသိန်း၏နှုတ်ဖျားမှ ဝမ်းသာအားရ အသံထွက်လာသည်။ ခွေးဟောင်သံများကိုလည်း ကြားလာကြရသည်။ တမံရိုးတစ်ခုကို ကျော်ဖြတ်လိုက်ကြသည်။ ရိုးပြတ်တောများဖြင့် ရှုပ်ထွေးနေသော လယ်ကွင်းပြင်တစ်ခုက ဆီးတားနေပြန်သည်။ လရောင်မရှိသော်လည်း ကြယ်ရောင်ပြိုးပြက် လင်းလက်နေ၍ တော်ပေသေးသည်။ ညီလေးကတော့ သောကဒဏ်ရာဒဏ်ချက်များကြောင့် မျော့မျော့ကလေးဖြစ်နေရှာ၏။ ကျွန်တော်တို့ ဝိုင်းဝန်းပြီး ဖေးကူမကာ ခေါ်လာခဲ့ကြ၏။

"ညီလေး ဘာမှမဖြစ်ပါစေနဲ့"

ညီလေးအတွက် ဖြစ်တည်ခဲ့ရသော စိုးရိမ်မှုဂယက်လှိုင်းသည် ကျွန်တော့်ရင်ကို အရှိန်ပြင်းစွာ တွန်းဆောင့်နေပေ၏။

"ငါ့ညီလေး ဘာမှမဖြစ်ပါစေနဲ့။ ငါ့ညီလေး ကျန်းမာပါစေ ချမ်းသာပါစေ"

သွေးကပြောသော သံယောဇဉ်တရား၏ ရေသောက်မြစ်မကြီးသည် ကျွန်တော့်အသိကျွန်တော့်ဦးနှောက်နှင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောမျှင်များသို့တိုင် အထပ်ထပ်ရစ်ပတ်နေပေပြီ။

"ကိုကြီး အသုံးမကျလို့ ညီလေး ခုလိုဖြစ်ရတာ။ အချိန်အခါနဲ့ အခြေအနေကို မသုံးသပ်တတ်ဘဲ အလုပ်ကို ပေ့ါပေ့ါတွေးလို့ ဒီလိုကြုံရတာ။ ဒီရက်ဟာ ရေသေရက်ဖြစ်တယ်။ တစ်ရေတည်းနဲ့ ကိုယ်ရည်မှန်းရာနေရာကို ရောက်ချင်မှရောက်မယ်ဆိုတဲ့အတွေးမျိုး ကိုကြီးဦးနှောက်ထဲမှာ မရှိခဲ့ဘူး။ အကယ်၍ ဒီတစ်ရေနဲ့မရောက်ခဲ့ရင်ဆိုတဲ့ ကြိုတင်ပြင်ဆင်မှုလုပ်သင့်တဲ့အသိမျိုး ကိုကြီးနှလုံးအိမ်မှာ မကိန်းဝပ်ခဲ့ဘူး။ ရွက်ကန့်တိုက်တဲ့နေရာမှာ လေမှာတစ်ဖက်က စီးနေတော့ လှေစောင်းနေတဲ့အချိန်မှာ ခနိပုံနှစ်ပုံကြား နိမ့်နေတဲ့နေရာကနေ ရေဝင်နေတာကို အတွေ့အကြုံမရှိတော့မသိခဲ့ဘူး။ အဲဒီနေရာကနေ ရေဝင်နိုင်တယ်ဆိုတာ ကြိုတင်မစဉ်းစားမိဘဲ ကမ်းကို ရောက်ချင်တဲ့ဆန္ဒစောပြီး စိုးရိမ်စိတ်လွန်ကဲနေတဲ့ ကိုကြီးရဲ့ အားနည်းချက်၊ လှေမှာ အင်ကညင်သစ်သားနှစ်ကြာအဟောင်းအမြင်းဖြစ်လို့ သစ်ပေ့ါနေတာကြောင့် စုံးစုံးမမြုပ်ခဲ့တာပေ့ါ"

ကျွန်တော့်မှာတွေးရင်းဖြင့် မိမိကိုယ်မိမိ လုံးဝခွင့်မလွှတ်ချင်။ ခုအသက်အရွယ် အနုနယ်ဆုံးလူမမည်ညီလေး ရာသီဆိုးရဲ့ဖိစီးမှုဒဏ်၊ လှိုင်းသရမ်းရဲ့ရိုက်ခတ်မှုဒဏ်၊ ဆာလောင်မွတ်သိပ်မှုဒဏ်၊ အရွယ်နှင့်မမျှအောင် စိတ်လှုပ်ရှားခဲ့သော သောကဒဏ်ရာတွေကြောင့် ကျွန်တော်တို့တစ်တွေကတော့ ညီလေးကို ဝိုင်းသယ်မပြီး ရွာဆီသို့ ခပ်ပြင်းပြင်း လျှောက်လှမ်းနေကြပေသည်။ ကျွန်တော်တို့ ရွာထဲသို့ ရောက်ချိန်တွင် ရွာသားများ မအိပ်ကြသေးချေ။

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၃၉၆၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၃၉၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မိုးစပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်ပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးမှာပါ"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တီလားဗီးယားငါးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

ယခုနှစ် ဧပြီလအတွင်းက ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တီလားဗီးယားငါးပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း တီလားဗီးယားငါးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကလဲ တီလားဗီးယားငါးတွေဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန်တွေ အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေ အဆင်ပြေနေပါတယ်။ အခုလက်ရှိ တီလားဗီးယားငါး ဝယ်လိုအား ကောင်းလာတာကြောင့် မွေးမြူသူတွေ ငါးအကောင်ရေ ထပ်တိုးမွေးလာတာ တွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။



ညောင်တုန်းမြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တေးအလှနဲ့ အေးမဲ့မြန်မာ

- ဘဝခရီးတာ
  ညချည်းသာ မဟုတ်၊
  ညကျော်လျှင် နေ့အလှ
  တွေ့ရမဲ့ သရုပ်။

- အခက်ညည်းစရာ
  အတက်ချည်းသာ မဟုတ်၊
  အတက်ကျော်လျှင် အဆင်းတစ်ကွေ့
  မင်းတွေ့မဲ့ သရုပ်။

- ကောင်းလမ်းမဖြာ
  ခယောင်းကြမ်းသာ မဟုတ်၊
  ခယောင်းကျော်လျှင် လမ်းအဆင်း
  ပန်းခင်းမဲ့ သရုပ်။

- လှိုင်းရမ်းသာ
  ရိုင်းကြမ်းမှာ မဟုတ်၊
  လှိုင်းကြမ်းကျော် အခြေမလွဲ
  လေပြေအမြဲသုတ်။

- အဆိုးချည်းသာ အမြဲမဟုတ်ပါဘူး
  ဖွဲ့ထုတ်လို့ ခရီးဆက်နှင်၊
  အဆိုးကျော်လျှင် အပေါင်းလှဖို့
  ကောင်းရမှာပင်၊
  စိတ်အားတော့ မလျှော့စေချင်
  ပြည်တစ်ခွင် မြန်အားလုံး၊
  ညီစိတ် ကိုယ်ဆင်
  ပြည်ဟိတ် ဂုဏ်ရည်လွင်အောင်ဖြင့်
  ဘုံတစ်ခွင် မြန်အမျိုးရယ်တို့
  အစုံအလင် အမှန်ကြိုးပါတော့
  ရန်မတိုး ရန်မျိုးပြေလို့
  မြန်ဆွေတွေ အဆွေးမခဘဲ
  မြန်ပြည်ဟာ တေးအလှနဲ့
  အိုကွယ်..
  အေးရလိမ့်အုံး။ ။

**လွမ်းလေးကို(သရက်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ကျွန်တော်တို့ ကြုံခဲ့ဖြစ်ခဲ့ရသည့် အခြေအနေကို ပြောပြကြရာ ရွာသားများစိတ်မကောင်းဖြစ်ကြရသည်။ ကျေးရွာလူကြီး ဦးမောင်နီဆိုသူက ဦးဆောင်ပြီး ကျွန်တော်တို့ကို ထမင်းကျွေးသည် ညီလေးလည်း နေကောင်းသွားပြီဖြစ်၍ ထမင်းဝင်စားသည်။ မှတ်မှတ်ရရပြောရလျှင် မျှင်ကလေးဟင်းလျာနှင့် စင်ပြွမ်းသီးချက်ဟင်းနှင့် ကျွေးကြသည်။ မျှင်ထိုးခြင်းအလုပ်မှာ တောင်ရှည်ရွာသားတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည်။ စင်ပြွမ်းသီးဟူသည် ပင်စည်ကြီးမျိုးဖြစ်သည်။ ပင်စည်မှာ သပြေပင်နှင့်တူပြီး အသီးမှာလည်း သပြေသီးနှင့်ဆင်တူသည်။ သို့သော် သပြေသီးလုံးကဲ့သို့ အလုံးကြီးကားမဟုတ်ပါ။ ခရမ်းကစော့သီးလုံးလောက်သာရှိသည်။ မျှင်ငါးပိ၊ ငရုတ်သီးစိမ်းထည့်ပြီး ဟင်းလျာချက်စားကြသည်။ ချိုချိုချဉ်ချဉ်ကလေးမို့ မျှင်ကလေးလျာနဲ့ဆို ဟင်းစားလိုက်ဖက်လှသည်။ ထမင်းဟင်းစားပြီးလျှင် ရွာသားများပေးသောလျာတက်နှင့် သောက်ရေအိုးကိုယူပြီး လာလမ်းအတိုင်း ပြန်ဆင်းလာကြသည်။ ရွာသားများပါ ကျွန်တော်တို့ကို အားပေးစကားပြောပြီး ဒီရေရောက်တောကြီးကို ဖောက်ပြီးလိုက်ပို့ကြသည်။ သန်းခေါင်လောက်တွင်မှ ကျွန်တော်တို့ လှေချည်ထားခဲ့သည့်နေရာသို့ ရောက်ကြသည်။ ရေတောင်ကျသွားလို့ တော်တော်ခန်းနေပြီ ရွာသားများနှင့်အတူ လှေကိုရေပက်ထုတ်ပြီး ဝိုင်းတွန်းလိုက်ကြရာ မြစ်ရေစပ်ထဲရောက်သွားတော့သည်။ ရေကျနေပြီဖြစ်၍ ရေသင့်လိုက်ကာ ကျွန်တော်တို့လှေခတ်ဆင်းလာကြသည်။ ရွာသားများကလည်း "ကျန်းကျန်းမာမာ အောင်အောင်မြင်မြင် ရောက်သွားကြပါစေ”ဟူ၍ ဆုတောင်းပေးလိုက်ကြသည်။ ကျွန်တော်တို့ မိုးလင်းခါနီးတွင် အဖေ့ရွာ ငပေသုန်ရွာသို့ ရောက်ခဲ့ကြပါလေပြီ။ အဖေနှင့် ညီမလေးမှာ ကျွန်တော်တို့ညီအစ်ကို အဖြစ်ကိုကြားပြီး မျက်ရည်ပေါက်ပေါက်ကျကြလေသည်။ ကျွန်တော်ကတော့ အမေ့ရွာ သရက်တောင်မှ ဓနိချပ်များကို အဖေ့ရွာ ငပေသုန်သို့ သုံးခေါက်တိတိပို့လိုက်ရာ အကြွေးကျေပြီး အမြတ်တောင်နည်းနည်း ကျန်ခဲ့လေသတည်း၊ ဤသို့ပို့နိုင်ရေးအတွက် ငပေသုန်ရွာမှာ ဓနိချပ်လိုသူများကို စာရင်းကောက်ယူပြီး ပို့ပေးခြင်းပင်ဖြစ်ပေသည်။ လှေမျောလို့လှေနဲ့ ဆယ်သည်ဟုပဲ ကျွန်တော်ခံယူလိုက်မိပေတော့သည်။

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ကမ္ဘာကြီး၏ ဂေဟစနစ်ပြန်လည်ကောင်းမွန်လာစေရေး

မေဇင်ထွန်း

လူသားတို့၏ စူးစမ်းရှာဖွေလေ့လာမှုများမှ ဖြစ်ပေါ်လာသည့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများသည် လူနေမှုဘဝနှင့် လူနေမှုအဆင့်အတန်းကို မြင့်မားသည်ထက် မြင့်မားလာစေသည်။ စက်မှုလက်မှု၊ ခေတ်မီနည်းပညာများသည် တစ်နေ့ထက်တစ်နေ့ နည်းလမ်းမျိုးစုံဖြင့် တိုးတက်လျက်ရှိသည်။ ဆိုရလျှင် နည်းပညာကုမ္ပဏီ တစ်ခုနှင့်တစ်ခု၊ စက်ရုံတစ်ရုံနှင့်တစ်ရုံမှသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ပြင်းထန်သောစိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများက စက်မှုကဏ္ဍတွင် စဉ်ဆက်မပြတ်တီထွင်ကြံဆမှုများကို ဖြစ်ပေါ်စေသည်။ ထိုမှသည် နယ်ပယ်အသီးသီးတွင် တစ်နေ့ထက်တစ်နေ့ ဆန်းသစ်သည့် နည်းပညာသစ်များ အချိန်နှင့်အမျှ ပြောင်းလဲထွက်ပေါ်လာသည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ နေ့စဉ်နှင့်အမျှ တိုးတက်လာသောလူဦးရေကြောင့် ရုပ်ကြွင်းလောင်စာများ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ သဘာဝသယံဇာတအရင်းအမြစ်များကို အများအပြားအသုံးပြုလာမှု၊ စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်မှုများပြားလာသည့်စက်ရုံ၊ အလုပ်ရုံများနှင့် အမျိုးမျိုးသောယာဉ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုစသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်သည် ပိုမိုယိုယွင်းပျက်စီးလာရသည်။ တဖြည်းဖြည်းပျက်စီးနေသောကမ္ဘာကြီးတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ ဆူနာမီလှိုင်း၊ မုန်တိုင်းများကဲ့သို့ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ နေ့စဉ်နှင့်အမျှ နိုင်ငံအတော်များများတွင် ဖြစ်ပေါ်နေသည်ကို ကြားသိနေရသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲအားလုံးသည် အဆိုပါဖြစ်စဉ်များကြောင့် ထိခိုက်ဆုံးရှုံးသေကျေမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခံစားနေကြရသည်။

ထို့ပြင် သဘာဝစွမ်းအင်အရင်းအမြစ်များ ရှားပါးမှု၊ မြေအောက်ရေများရှားပါးမှု၊ သစ်တောပြုန်းတီးမှု၊ လေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုများသည်လည်း ကမ္ဘာကြီးတွင် တစ်နေ့တခြား ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာလျက်ရှိသည်။ ရေထု၊ လေထု၊ မြေထုတို့အပေါ် အဓိကမူတည်ပြီး ဖွဲ့စည်းထားသော ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီး ပျက်စီးလာခြင်းသည် သက်ရှိ၊ သက်မဲ့ဇီဝမျိုးစုံ၏ ဂေဟစနစ်များအတွက် ဆုတ်ယုတ်မှုကိုသာဖြစ်စေသည်။ ထို့ကြောင့် ကမ္ဘာကြီးသာယာလှပပြီး ရေရှည်တည်တံ့ခိုင်မြဲရေးမှာ သက်ရှိ၊ သက်မဲ့တို့အတွက် လွန်စွာအရေးကြီးသည်။ သက်ရှိ၊ သက်မဲ့ဇီဝမျိုးစုံဆိုရာတွင် လူ၊ ကျေးငှက်နှင့် တောရိုင်းတိရစ္ဆာန်များ၊ သစ်တော၊ သစ်ပင်များပါဝင်ပြီး ၎င်းတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အတူတကွယှဉ်တွဲလျက်ရှိသည်။

ယနေ့ခေတ်ကာလအခြေအနေများအရ ကျေးလက်ဒေသများထက် မြို့ပြများတွင် လေထုညစ်ညမ်းမှုပိုမိုခံစားရသည်ကို စစ်တမ်းကောက်ယူထားသော မြို့ပြလူထု၏ ကျန်းမာရေးအခြေအနေများကို လေ့လာခြင်းဖြင့်သိရှိနိုင်သည်။ လေထုညစ်ညမ်းရခြင်း အဓိကအကြောင်းရင်းမှာ မြို့ပြတွင် တစ်နေ့တခြားများပြားလာသည့် အမျိုးမျိုးသော ယာဉ်အမျိုးအစားပေါင်းစုံမှထွက်သော အဆိပ်သင့်ဓာတ်ငွေ့ပေါင်းစုံကြောင့်ဖြစ်ကာ လူသားများတွင်သာမက တိရစ္ဆာန်များနှင့်သစ်တော၊ သစ်ပင်များ၌ပါ လေထုညစ်ညမ်းမှုဆိုးကျိုးများကို ခံစားလာကြရသည်။ စက်မှုထွန်းကားလာသည်နှင့်အမျှ စက်မှုလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောစွမ်းအင်ထုတ်လုပ်ရန်အတွက် သဘာဝရုပ်ကြွင်းလောင်စာအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူလာသဖြင့် ရုပ်ကြွင်းလောင်စာများကုန်ခန်းလာသည်။ ထို့ပြင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်သော ရေထု၊ မြေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာရကာ ယခင်က ဖြစ်ပွားခဲ့ဖူးခြင်းမရှိသည့် ရောဂါအဆန်းအပြားများ၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို တွေ့ကြုံလာရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် နည်းပညာပိုင်း၊ စီးပွားရေးပိုင်းစသော ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးပြီးနိုင်ငံများကို အမီလိုက်နိုင်ရေး နည်းပညာတိုးတက်မှုပိုင်းအတွက် အရေးပါသော စက်ရုံ၊ အလုပ်ရုံများတိုးချဲ့ရန် သစ်တောများကို အလွန်အကျွံခုတ်ထွင်ပြီး မြေယာချဲ့ထွင်ခြင်း၊ တောင်ယာများတိုးချဲ့စိုက်ပျိုးခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ မြစ်ဝှမ်းများကို ကုန်းမြေများအသွင်ပြောင်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်လာရသည်။ စက်ရုံ၊ အလုပ်ရုံများ များပြားလာသည့်အခါ မြို့ပြနေလူထုသည် အဆိုပါစက်ရုံများမှထွက်သော ဓာတု



ဓာတ်ငွေ့များဖြင့် ညစ်ညမ်းနေသောလေကို လူသားများအနေဖြင့် နေ့စဉ်ရှူရှိုက်နေကြရသည်။ မြစ်ချောင်းအင်းအိုင်များတွင် စည်းကမ်းမဲ့စွန့်ပစ်လာကြသော ပလတ်စတစ်အပါအဝင် အမျိုးမျိုးသော စွန့်ပစ်အမှိုက်များကြောင့် ရေထုသည်လည်း ညစ်ညမ်းလာရသည်။ သောက်သုံးရေအရင်းအမြစ်ရှားပါးလာသောကြောင့် အချို့နိုင်ငံများတွင် ရေရှားပါးမှုကြောင့် ထိုညစ်ညမ်းသောရေများကို အဆင့်ဆင့်ပြုပြင်ကာ သောက်သုံးနေကြရသည်။ အလားတူ ကုန်းမြေများပေါ်တွင်လည်း စည်းကမ်းမဲ့စွန့်ပစ်ထားသောအမှိုက်များ၊ စိုက်ပျိုးရေးသွင်းအားစုများ အလွန်အကျွံသုံးစွဲမှုတို့ကြောင့် မြေထုသည်လည်း ညစ်ညမ်းလာကာ သဘာဝရှုခင်းအလှ များကိုဖျက်ဆီးနေသောအမှိုက်များနှင့်သာ ပြည့်နှက်လာသည်။

သစ်ပင်များသည် အဖိုးတန်မြေဆီလွှာများကို ရေတိုက်စားမှုမှ ထိန်းသိမ်းပေးနိုင်သည်။ ယခုလို မိုးရာသီတွင် သစ်ပင်များပေါက်ရောက် မနေသော မြေဆီလွှာများသည် မိုးရေတိုက်စားမှုကြောင့် မြေပြိုမှုများဖြစ်ပေါ်လျက်ရှိသည်။ မိုးရေသည် သစ်ပင်များပေါက်ရောက်မှုမရှိသော မြေဆီလွှာကို တိုက်စားပြီး ချောင်းငယ်၊မြောင်းငယ်များမှတစ်ဆင့် မြစ်မများသို့ စီးဆင်းကာမြေဆီလွှာမှုန်များကို အနည်အဖြစ်ပို့ချသည်။ ထိုသို့မြေဆီလွှာများတိုက်စားကာ ပို့ချခြင်းကြောင့် မြစ်၏ ရေစီးနှုန်းနှေးသွားပြီး ပါလာသည့်မြေလွှာများသည် မြစ်ကြမ်းပြင်တွင် အနည်ထိုင်သွားကြသည်။ ထိုသို့ မိုးရွာသွန်းလိုက်၊ မြေဆီလွှာများ တိုက်စားခံရလိုက်၊ မြစ်ကြမ်းပြင်များတွင် မြေဆီလွှာများ အနည်ထိုင်သွားလိုက်နှင့် သံသရာလည်ကာ နှစ်ကာလကြာသည့်အခါ မြစ်ကြမ်းပြင်တွင် စုပုံလာသောအနည်များကြောင့် မြစ်ကြောင်းအတွင်း သောင်ထွန်းလာပြီး မြစ်များကောလာသည်။

မြစ်များကောလာသောအခါ မြစ်ရေပြင်သည် တိမ်လာသည်။ မြစ်ရေတိမ်မှုသည် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ မြစ်ရေလျှံမှုကို ဖြစ်စေသည်။ မြစ်ရေလျှံခြင်းသည် ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုများကိုဖြစ်စေသော အကြောင်းရင်းဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ရေကြီးရေလျှံမှုများသည် ပိုမိုများပြားလာကာ အကြိမ်အရေအတွက်လည်း များပြားလာပါတော့သည်။

ယနေ့ကမ္ဘာတွင် ရေကြီးရေလျှံမှုများသည် မိုးရာသီမှဖြစ်ပွားသည်မဟုတ် အချိန်အခါမဟုတ် ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ ရေဘေးသင့်ပြည်သူများ များပြားလာပြီး ရေကြီးရေလျှံခြင်းနှင့်အတူ ဝမ်းရောဂါ၊ အရေပြားရောဂါများကလည်း နောက်ဆက်တွဲအနေဖြင့် ဖြစ်ပွားလာရပြန်သည်။ ရေဘေးကြောင့် မွေးမြူရေးတိရစ္ဆာန်များသေကျေပျက်စီးကြရခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းများကြောင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်လာရသည်။ ထိုသို့ သဘာဝဖြစ်စဉ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိသောကြောင့် သစ်တော၊ သစ်ပင်များ မပြုန်းတီးစေရန် လူသားအားလုံးက ထိန်းသိမ်းမှုများပြုလုပ်ရမည်ဖြစ်သည်။ သစ်တော၊သစ်ပင်များပြုန်းတီးလာသည့်အခါ တောကိုအမှီပြုနေထိုင်ကြသည့် သတ္တဝါများ၏ နေထိုင်ရာဒေသများ ပျောက်ကွယ်ကာ အဆိုပါသတ္တဝါများ တဖြည်းဖြည်းမျိုးသုဉ်းပျောက်ကွယ်မှုများဖြစ်လာရသည်။ ထို့ကြောင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ကြရမည်ဖြစ်သည်။

သစ်တော၊ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ တစ်နည်းအားဖြင့် ညစ်ညမ်းသောလေကို သန့်စင်ပေးပြီး လေထုအရည်အသွေးကို မြှင့်တင်ပေးနိုင်သည်။ ထို့ပြင် ဂေဟစနစ်ကို ပံ့ပိုးပေးသောသစ်ပင်များသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များနေထိုင်ရာ နေရာများကို ပံ့ပိုးပေးသည့်အပြင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ပေးနိုင်သည်။ သစ်ပင်အမြစ်များသည် မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးပြီး မြေဆီမြေဩဇာကို ထိန်းသိမ်းပေးသည်။ ၎င်းတို့သည် ရေလည်ပတ်မှုကို ထိန်းညှိရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့ချရန်လည်း အထောက်အကူပြုသည်။ ထိုသို့အကျိုးကျေးဇူးများသော အပင်များကို ဝိုင်းဝန်းထိန်းသိမ်းစိုက်ပျိုးသင့်ပေသည်။ ဤနေရာတွင် အပင်အမျိုးအစားများကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။ အပင်အမျိုးအစားအမျိုးမျိုးရှိသည်။ သစ်ပင်၊ ချုံပုတ်၊ နွယ်ပင်၊ ဆေးဖက်ဝင်အပင်များနှင့် ကပ်ပါးပင်များဟူ၍ အမျိုးအစားများစွာရှိသည်။ အပင်အမျိုးအစားထဲတွင် သစ်ပင်သည် အကြီးဆုံးသောအပင်မျိုးစိတ်ဖြစ်ကာ အသက်အရှည်ဆုံး အပင်မျိုးဖြစ်သည့်အတွက် နှစ်ရှည်ပင်ဟုလည်း သတ်မှတ်ထားသည်။ ကမ္ဘာမြေပြင်ပေါ်၌ ပေါက်ရောက်သောသစ်ပင်များကို နေရာဒေသ၊ ရာသီဥတု၊ ရေမြေသဘာဝကိုလိုက်၍ အပူပိုင်းဒေသပေါက်သစ်ပင်မျိုး၊ သမပိုင်းဒေသပေါက်သစ်ပင်မျိုး၊ စိုစွတ်ထိုင်းမှိုင်းသော ဒေသပေါက်သစ်ပင်မျိုး စသည်ဖြင့်လည်း သတ်မှတ်ထားသည်။

သစ်ပင်အမျိုးပေါင်း ထောင်သောင်းချီ၍ရှိသည့်အနက် အဓိကအားဖြင့် အပ်ရွက်ပင်မျိုးနှင့် ရွက်ပြန့်ပင်မျိုးဟူ၍သာ ခွဲခြားထားသည်။ အပ်ရွက်ပင်မျိုးသည် ထင်းရှူးမျိုးကဲ့သို့အပင်မျိုးများဖြစ်ကာ သေးကျစ်ကာ ရှည်ပြီး ချွန်သဖြင့် အပ်ချောင်းနှင့်တူသည်။ အလွန်အေးသည့်ဒဏ်ကို ခံနိုင်ရည်ရှိပြီးလျှင် အရွက်ကြွေခြင်းမရှိကြသဖြင့် ၎င်းသစ်ပင်များပေါက်ရောက်ရာတောများကို အမြဲစိမ်းတော တစ်နည်းအားဖြင့် ရွက်မပြတ်တောဟူ၍ ခေါ်ဆိုကြသည်။ အပ်ရွက်ပင်မျိုးသည် အအေးဒဏ်ကို ခံနိုင်ရည်ရှိသဖြင့် ကမ္ဘာ့အအေးပိုင်းဒေသများ၌လည်းကောင်း၊ တောင်ပေါ်ဒေသများ၌လည်းကောင်း ပေါက်ရောက်ကြသည်။ ရွက်ပြန့်ပင်မျိုးသည် မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းဒေသများတွင် ပေါက်ရောက်ပြီး နွေရာသီ၌ အရွက်ကြွေကျသည်။ နှစ်ရှည်ပင်များသည် နှစ်ကာလရှည်စိုက်ပျိုးရသော်လည်း အရိပ်ရကာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေသည့်အတွက် စိုက်ပျိုးသင့်သည်။ နှစ်ရှည်ပင်အများစုမှာ စက်မှုကုန်ကြမ်းသီးနှံပင်များဖြစ်ကြသည်။ နှစ်ရှည်ပင်များစိုက်ပျိုးရာတွင် ရေ၊ မြေနှင့် သင့်တော်သော မျိုးကောင်းမျိုးသန့်နှင့် ကြီးထွားသန်စွမ်းသောပျိုးပင်ကို ရွေးချယ်စိုက်ပျိုးရန် ပို၍အရေးကြီးသည်။ နှစ်ရှည်ပင်များ စိုက်ပျိုးရာတွင် ပဲမျိုးစုံကဲ့သို့ မြေဆီလွှာကို အကျိုးပြုစေသော သီးနှံများကို သီးညှပ်စိုက်ပျိုးပေးခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ နှစ်ရှည်ပင်စိုက်ပျိုးရာတွင် ခြောက်သွေ့ရာသီ၌ ဖြစ်ပေါ်တတ်သော မီးဘေးအန္တရာယ်မှကာကွယ်ရန် စနစ်တကျမီးတားလမ်းများ ဖောက်လုပ်ထားရန် အရေးကြီးသည်။ မြေဩဇာကျွေးခြင်း၊ ခြောက်သွေ့ရာသီတွင် အစိုဓာတ်ထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါစနစ်တကျကာကွယ်ခြင်းတို့ ဆောင်ရွက်ပေးရမည်။ အလားတူ သီးပင်၊ စားပင်များသည် ဖြစ်ထွန်းရန်လွယ်ကူကာ မိသားစုတစ်စုလုံး စားသုံးနိုင်သဖြင့် အသုံးစရိတ်ကို ချွေတာနိုင်သည်။ အပင်များကိုစိုက်ပျိုးပြီး ပစ်မထားဘဲ ဂရုတစိုက်ဖြင့် တစ်ပင်စိုက်လျှင် တစ်ပင်ရှင်အောင် ပြုစုပျိုးထောင်ကာ စိမ်းစိုသာယာသောပတ်ဝန်းကျင်ကို ဖန်တီးရင်း မိမိတို့မိသားစုဝင်ငွေတိုးကာ အသုံးစရိတ်များကိုလည်း ချွေတာရာရောက်သည့် အပင်များကို စိုက်ပျိုးပေးသွားရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သစ်တော၊ သစ်ပင်များသည် စီးပွားရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေး၊ ရေမြေသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ ဇီဝမျိုးစိတ်များ ထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး အစရှိသော ကဏ္ဍအသီးသီးအတွက် လွန်စွာအရေးပါလျက်ရှိသောကြောင့် အကျိုးကျေးဇူးများလှသော သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းသွားကြခြင်းဖြင့် ကမ္ဘာကြီး၏ဂေဟစနစ်ပြန်လည်ကောင်းမွန်လာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- https://www.nature.org/en-us/what-we-do/our-priorities/build-healthy-cities/cities-stories/benefits-of-trees-forests/

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၈၂ ဧက စိုက်ပျိုးမည်




**ချောင်းဦး ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၈၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ငရုတ်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီလထဲမှာ စတင်စိုက်ပျိုးသွားမှာပါ။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ငရုတ်စိုက် တောင်သူများ အနေဖြင့် ငရုတ်သီးနှံအထွက်နှုန်းကောင်းစေရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကာကွယ်ရေးနည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ငရုတ်ကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ငွေကျပ် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သည် ၁၅ ရက်လျှင် တစ်ကြိမ်ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးစွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြား ရရှိကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ VDPစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါရွာသစ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

သူသူ

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့

**ငပုတော ဇွန် ၁၃**



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်း ကျေးရွာအနီးမှ ငွေတောင်ကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ ဧပြီလအတွင်းက ခရီးသွားဧည့်သည် ၁၄၁၅၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး မေလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"ငွေတောင်ကမ်းခြေက မော်တင်စွန်းစေတီအနီးမှာ တည်ရှိတာပါ။ စေတီကို လာရောက်ဖူးမြော်ကြရင်း တစ်ဆက်တည်း အပန်းဖြေတဲ့ဧည့်သည်တွေ များခဲ့တာပါ။ မေလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၇၅၆၆ ယောက်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ စနေနဲ့ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ ခရီးသည်တွေအများအပြားဝင်ရောက်လည်ပတ်ခဲ့ပါတယ်။ ပွင့်လင်းရာသီရောက်ရင် ခရီးသွားတွေ ပိုမိုလာရောက်ဖို့ မျှော်မှန်းထားပါတယ်။ မေလအတွင်း ရန်ကုန်အပါအဝင် ပြည်တွင်းခရီးသွားတွေ အလာများခဲ့တာပါ။ လက်ရှိလဲ လာရောက် လည်ပတ်တဲ့သူတွေ များနေပါတယ်။ ခရီးသွားတွေကို စနစ်တကျ ဝန်ဆောင်မှုပေးနေပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ မေလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့်ခရီးသွားဧည့်သည်များမှာ ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာယာဝတီမြို့နယ် ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သာယာဝတီ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းမြောင်ကျေးရွာအုပ်စု ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များနှင့်အတူ ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာနေပြည်သူများ လုပ်အားထည့်ဝင်၍ ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားကာ စနစ်တကျပိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း မှာကြားသည်။

ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ အရှည် ၅၆၉ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၆၆ သိန်းဖြင့် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ရာသီမရွေး သွားလာရလွယ်ကူမည်ဖြစ်ပြီး ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်ပါ အကျိုးပြုမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

သုတ

# အင်္ဂပူမြို့နယ် မတောင့်တကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတောင့်တကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်း အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းမျာကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မတောင့်တကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၄၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ပြောပြ၍ သိရသည်။

သံသာ

# လျှပ်စစ်စွမ်းအင်ဖူလုံစေရန် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအတွက် ငွေကြေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်



**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင်အခြေစိုက်သည့် ကမ္ဘာ့ဘဏ်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အရ လျှပ်စစ်စွမ်းအင်ဖူလုံစေရန် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေးကဏ္ဍအတွက် ငွေကြေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လျှပ်စစ်စွမ်းအင် ဖူလုံရေးအတွက် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုမှာ မရှိမဖြစ်လိုအပ်လာသည့်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ငွေကြေးပံ့ပိုးမှုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှု ရှိစေချင်ပါတယ်။ လောလောဆယ် ပြဋ္ဌာန်းထားတဲ့ မူဝါဒတွေကတော့ နည်းနည်းလေး ရှုပ်ထွေးနေတယ်။ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်စွမ်းအင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မဲ့ လမ်းကြောင်းကိုပဲ ရွေးချယ်ရလိမ့်မယ်"ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဖြစ်သူ အာဂျေးဘန်ဂါက ပြောကြားခဲ့သည်။

လျှပ်စစ်စွမ်းအင်လိုအပ်ချက်များ ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ ၂၀၃၅ ခုနှစ်တွင် ပိုမိုမြင့်တက်လာနိုင်ကြောင်းလည်း အာဂျေးဘန်ဂါက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အန်ဂိုလာနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**လူအန်ဒါ ဇွန် ၁၃**

အန်ဂိုလာနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အန်ဂိုလာသတင်းအေဂျင်စီ (ANGOP) က ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အန်ဂိုလာနိုင်ငံတွင် ယခုအချိန်သည် မိုးသည်းထန်စွာ ရွာသွန်းချိန်မဟုတ်ကြောင်း၊ သို့သော်လည်း ဇွန် ၁၀ ရက်ကစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အန်ဂိုလာနိုင်ငံမြောက်ပိုင်း အူဂီပြည်နယ်တွင် ကလေးနှစ်ဦးသေဆုံးပြီး အိမ်ထောင်စုပေါင်း ၂၀၀၀ လျှပ်စစ်မီးပြတ်တောက်သွားခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်ဟု သိရသည်။

မြို့ပြကာကွယ်ရေးနှင့် မီးသတ်အဖွဲ့၏ လက်ထောက်ပြည်နယ်မှူး အန်တိုနီယိုဆီမာအိုက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒါမာနှင့် အူဂီပြည်နယ်တို့ရှိ မြို့များတွင် လူသေဆုံးမှုများဖြစ်ပွားခဲ့ပြီး မြေပြိုမှုများ ထပ်မံဖြစ်လာနိုင်သည့်အတွက် ဒေသခံများသတိပြုနေထိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် ရေကြီးမှုကြောင့် ပျက်စီးခဲ့သော လူနေအိမ်များ၊ လူသွားလမ်းများပေါ်တွင် တင်ကျန်နေသော အမှိုက်နှင့်ရွှံ့နွံများကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အူဂီပြည်နယ် အထွေထွေရောဂါကုဆေးရုံ၊ ကျောင်းအဆောက်အအုံများနှင့် လမ်းများတွင် ရပ်နားထားသော ယာဉ်များ ပျက်စီးခဲ့ကြောင်း ANGOP က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : KZ**

# အာဖဂန်နစ္စတန်နိုင်ငံရှိ ဘက်ဒက်ရှန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စီးပွားရေးဆိုင်ရာထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့

**ကဘူးလ် ဇွန် ၁၃**



အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဘက်ဒက်ရှန်း ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်များ၊ လယ်မြေများနှင့် မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးခဲ့သဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှု များစွာဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ် အာဏာပိုင်များက ဇွန် ၁၂ ရက်က ပြောကြားခဲ့သည်ဟု သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ တက်ခမ်း၊ ကက်ရှ်၊ တာဂတ်ခရိုင်တို့အပါအဝင် ဘက်ဒက်ရှန်းပြည်နယ်အတွင်းရှိ ခရိုင်အများအပြားကို လေကြီးမိုးကြီး ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိကောက်ယူထားသော စစ်တမ်းများအရ အနည်းဆုံး နေအိမ် ၁၂ လုံး လုံးဝပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် လယ်ယာမြေဧက ၁၅၀၀ ကျော် နစ်မြုပ်သွားခဲ့ပြီး မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၂၅၀၀ ခန့် သေဆုံးခဲ့ကြောင်း ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ ဒါရိုက်တာ မော်လဝီမိုဟာမက်က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လာမည့်ရက်များအတွင်း နောက်ထပ် မိုးရွာသွန်းမှုဖြစ်ပေါ်နိုင်သဖြင့် မြေပြိုမှုနှင့်ရေကြီးမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း အာဖဂန်နစ္စတန် မိုးလေဝသဌာနက သတိပေးထားသည်။

**Ref : Russia Today**
**Trs : KZ**

# အင်္ဂလန်နိုင်ငံ ယောက်ရှိုင်းယားကောင်တီကို မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**လန်ဒန် ဇွန် ၁၃**

အင်္ဂလန်နိုင်ငံ ယောက်ရှိုင်းယားကောင်တီတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုအခြေအနေ ဆိုးရွားလာသည့်အတွက် မိုးခေါင်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိ ယောက်ရှိုင်းယားကောင်တီတွင် ဖြစ်ပေါ်နေသည့် ပူပြင်းခြောက်သွေ့မှုသည် ၁၈၉၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော ပူပြင်းခြောက်သွေ့မှုဖြစ်ကြောင်း၊ ယောက်ရှိုင်းယားကောင်တီတွင် ၂၀၂၂ ခုနှစ်ကလည်း ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့်ရင်ဆိုင်ခဲ့ရပြီး ၂၀၂၂ ခုနှစ်ကဖြစ်ပေါ်ခဲ့သော ပူပြင်းခြောက်သွေ့မှုထက် ပိုမိုဆိုးရွားသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"အင်္ဂလန်နိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုတွေက တော်တော်လေး ဆိုးရွားလာတယ်။ မေလကနေ စတင်ပြီးတော့ လက်ရှိအချိန်ထိ ယောက်ရှိုင်းယားကောင်တီမှာ မိုးလုံးဝကိုမရွာဘူး။ ဒါဟာ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး မိုးခေါင်မှုအခြေအနေတွေမှာ ပါဝင်နေတယ်လို့ သတ်မှတ်နိုင်တယ်။ ၁၈၉၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး မိုးခေါင်မှုဖြစ်ပါတယ်။ ဒါကြောင့် မိုးခေါင်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ အနာဂတ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားသင့်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဘာရိုးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်နေ

**အစ္စလာမ်မာဘတ် ဇွန် ၁၃**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် ဇွန် ၁၀ ရက်မှစတင်၍ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(PMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လာဟိုးမြို့တွင် အပူချိန်ပမာဏသည် ၅၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ပမာဏသည် ဆက်လက်မြင့်တက်လာဖွယ်ရှိပြီး လက်ရှိဖြစ်ပေါ်နေသည့်ပမာဏထက် ခုနစ်ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း PMD က ထုတ်ပြန်ခဲ့သည်။

"လာဟိုးမြို့မှာ အပူလှိုင်းတွေဖြတ်သန်းနေပြီးတော့ အပူချိန်တွေမြင့်တက်နေပါတယ်။ အပူချိန်ပမာဏဟာ ၅၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ တကယ့်ကို ပြည်သူကျန်းမာရေးအတွက်လဲ စိုးရိမ်ရတဲ့အန္တရာယ်များတဲ့ ပမာဏဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းနေမှုကြောင့် အပူချိန် ဆက်လက်မြင့်တက်နိုင်ပါတယ်။ ဆက်လက်မြင့်တက်နိုင်တဲ့အပူချိန်ပမာဏဟာ ခုနစ်ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပါတယ်"ဟု ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (PMD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် မိုးခေါင်မှုပြဿနာဖြင့်လည်း ရင်ဆိုင်နေရပြီး သောက်သုံးရေရှားပါးသည့်ပြဿနာဖြင့်လည်း ရင်ဆိုင်လာရနိုင်ကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများလည်း အခက်တွေ့လာနိုင်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် ခိုင်ဘာပက်ထွန်ခွာပြည်နယ်ရှိ အခြားသောမြို့များတွင်လည်း အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း PMD က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အင်တာမီယာမီ၊ ပါမီးယက်စ်၊ အေတီကိုအသင်းတို့ကို ရွေးရမှာပါ

ML



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ ပုံစံပြောင်းလဲကျင်းပခဲ့တဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်တွေ စတင်ကျင်းပသွားမှာဖြစ်လို့ အကြိတ်အနယ်ရှိတဲ့ပွဲတွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ အခုပြိုင်ပွဲကိုတော့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားကျင်းပခွင့်ရထားတဲ့ အမေရိကန်နိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တာဖြစ်လို့ အင်တာမီယာမီအသင်းက အိမ်ရှင်အသင်းအဖြစ် တိုက်ရိုက်ပါဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဇုန်အလိုက်က အကောင်းဆုံးအသင်းတွေ ပါဝင်ကစားခွင့်ရခဲ့တာဖြစ်လို့ ခြေစွမ်းပြကစားသမားကောင်းတွေ စုဖွဲ့ထားတာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲထက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာမှာသေချာပါတယ်။ ဒ့ါပြင် ဒီပြိုင်ပွဲကို ကမ္ဘာ့ဖလားပြိုင်ပွဲအတိုင်း လေးနှစ်တစ်ကြိမ် ကျင်းပမှာဖြစ်ပြီး ပြိုင်ပွဲမတိုင်ခင် ၁၀ ရက်ကိုလဲ အပြောင်းအရွှေ့ကာလအဖြစ် သတ်မှတ်ပေးခဲ့တာကြောင့် အသင်းတိုင်းက ကစားသမားဖြည့်တင်းမှုတွေပြုလုပ်ပြီး အကောင်းဆုံးပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ လာမဲ့ အဖွင့်ပွဲစဉ်မှာတော့ ကစားသမားစုဖွဲ့မှုကောင်းပြီး ကမ္ဘာ့အဆင့်သတ်မှတ်ထားတဲ့ အသင်းတွေကိုသာ ရွေးချယ်သွားမှာပါ။

## အင်တာမီယာမီ ရလဒ်ကောင်းမှာပါ

ဖီဖာကလပ် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ အယ်အာလီအသင်းနဲ့ အင်တာမီယာမီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု(A) မှာပေါ်တူဂီကလပ် ပေါ်တိုအသင်း၊ ဘရာဇီးကလပ် ပါမီးယက်စ်အသင်းတို့နဲ့တစ်အုပ်စုတည်း ကစားရတာကို တွေ့ရမှာပါ။ ဒီအုပ်စုမှာ ပေါ်တိုတစ်သင်းသာ ခြေစွမ်းပိုင်းအားသာမှုရှိပြီး ကျန်အသင်းတွေကတော့ ခြေရည်တူအသင်းတွေဖြစ်နေပါတယ်။ အီဂျစ်ကလပ် အယ်အာလီအသင်းဟာ ၂၀၂၄ ခုနှစ် စီအေအက်ဖ် ချန်ပီယံလိဂ်ဆုဖလားရခဲ့တာကြောင့် အခုပြိုင်ပွဲကို ပါဝင်ခွင့်ရခဲ့တာ တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းရဲ့ ကစားသမား ၂၈ ယောက်စာရင်းမှာတော့ နိုင်ငံတွင်းကစားသမားအများစုနဲ့ အာဖရိကနိုင်ငံက ကစားသမားတွေနဲ့ပဲ စုဖွဲ့ထားတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်ကိုပုံမှန်အသုံးပြုနေပြီး တိုက်စစ်မှူး အလီကတော့ အသင်းအတွက် အဆုံးအဖြတ်ဂိုးတွေ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့ စုဖွဲ့မှုနဲ့ ဘောလုံးအဆင့်အတန်းသတ်မှတ်ချက်ကတော့ ဒီအုပ်စုမှာအနိမ့်ဆုံးဖြစ်နေတာကြောင့် အဖွင့်ပွဲစဉ်မှာလဲ အိမ်ရှင်အင်တာမီယာမီကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။

အင်တာမီယာမီအသင်းဟာ ပြီးခဲ့တဲ့လေးနှစ်အတွင်း ကွန်ကာကပ် ချန်ပီယံဆုဖလားမရရှိခဲ့ပေမဲ့ အိမ်ရှင်အသင်းဖြစ်တာကြောင့် အခုပြိုင်ပွဲမှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းကိုတော့ တိုက်စစ်မှူးမက်ဆီ၊ ဆွာရက်ဇ်၊ အဖွန်ဆို၊ ဘက်စကွက်စ်တို့လို ကမ္ဘာ့အဆင့်ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အယ်အာလီအသင်းထက် စုဖွဲ့မှုပိုကောင်းနေတာကိုတွေ့ရမှာပါ။ နည်းပြမာရှီယာနိုကတော့ မက်ဆီနဲ့ဆွာရက်ဇ်တို့ကို အထောင်ထားပြီး ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေတာဖြစ်လို့ တိုက်စစ်ကစားအားကောင်းနေပေမဲ့ အသင်းခံစစ်ပိုင်းက အလွယ်တကူပေးဂိုးရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် အခုပွဲမှာနည်းပြမာရှီယာနိုအနေနဲ့ ခံစစ်ပိုင်းပြင်ဆင်နိုင်မယ်ဆိုရင် အယ်အာလီအသင်းကို ပေးဂိုးမရှိနိုင်ပွဲရဖို့များပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့နည်းစနစ်ပိုင်းပိုကောင်းတဲ့ အင်တာမီယာမီပဲ ရလဒ်ကောင်းမှာပါ။

**အယ်အာလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်အာလီ | ၅ | - | ၀ | အယ်ဟိုဒွေ |
| အယ်အာလီ | ၄ | - | ၂ | အယ်မက်စ်ရီ |
| ကလီယိုပက်ထရာ | ၀ | - | ၁ | အယ်အာလီ |
| အယ်အာလီ | ၂ | - | ၁ | နေရှင်နယ် |
| အယ်အာလီ | ၆ | - | ၀ | ပါကို |

**အင်တာမီယာမီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆန်ဂျို့ | ၃ | - | ၃ | အင်တာမီယာမီ |
| အင်တာမီယာမီ | ၀ | - | ၃ | အော်လန်ဒို |
| ဖီလာဒယ်ဖီးယား | ၃ | - | ၃ | အင်တာမီယာမီ |
| အင်တာမီယာမီ | ၄ | - | ၂ | မွန်ထရီရယ် |
| အင်တာမီယာမီ | ၅ | - | ၁ | ကိုလံဘတ် |

## ပါမီးယက်စ်ကို ရွေးရမှာပါ

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ပါမီးယက်စ်နဲ့ပေါ်တိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါမီးယက်စ်အသင်းဟာ ၂၀၂၁ ခုနှစ် ကိုပါလီဘာတာဒိုရက်စ်ပြိုင်ပွဲမှာ ဆုဖလားရယူနိုင်ခဲ့သလို ၂၀၂၁ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဗိုလ်လုပွဲထိတက်ရောက်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် ပေါ်တိုအသင်းနဲ့စာရင် ပြိုင်ပွဲအတွေ့အကြုံကောင်းတယ်လို့ ဆိုရမှာဖြစ်ပြီး လက်ရှိစုဖွဲ့မှုမှာလဲ အက်စတီဗာအို၊ လူးကပ်စ်၊ ပေါ်လင်ဟို၊ အန်ဒါဆန်၊ ဗီအီဂါ၊ မာကိုရိုချာ၊ ဝီဗာတန်တို့လို ဥရောပပြိုင်ပွဲတွေမှာ ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ နည်းပြဖာရဲရားကတော့ အသင်းကို ၂၀၂၀ ပြည့်နှစ်ကတည်းကတာဝန်ယူခဲ့တာဖြစ်လို့ ကစားသမားတွေနဲ့ နားလည်မှုပြည့်ဝနေတာကြောင့် ပေါ်တိုအသင်းထက် နည်းစနစ်ပိုင်းပိုကောင်းနေတာဖြစ်ပါတယ်။

ပေါ်တိုအသင်းဟာ သမိုင်းတစ်လျှောက်မှာ ယူအီးအက်ဖ်အေချန်ပီယံလိဂ်နှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့တာကြောင့် ယူအီးအက်ဖ်အေအကောင်းဆုံးအသင်း ၁၂ သင်းထဲပါဝင်ခဲ့ပြီး ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ အဓိကကစားသမားကောင်းတွေမထိန်းသိမ်းနိုင်ခဲ့လို့ ပြိုင်ပွဲစုံမှာ ပေါ်တူဂီစူပါဖလားတစ်လုံးသာ ရရှိခဲ့တာကို တွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုမှာတော့ ဂါဘရီရယ်၊ ဗီအဲရာ၊ ဂိုမက်စ်၊ မာရီယို၊ အိုတာဗီအို၊ ကော်စတာတို့လိုထိပ်တန်းအဆင့် ခြေစွမ်းမျိုးရှိတဲ့ ကစားသမားတွေရှိနေတာကြောင့် ပါမီးယက်စ်အသင်းနဲ့ဆို ခြေရည်တူအသင်းဖြစ်နေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းကတော့ နည်းပြသစ် အန်ဆယ်မီလက်ထက်မှာ ကစားပုံတိုးတက်လာတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ တိုက်စစ်ပိုင်းကောင်းတဲ့ အသင်းတွေကို ဂိုးပေးခဲ့ရတာကိုသတိပြုရမှာပါ။ ဒါကြောင့် ပါမီးယက်စ်လိုဘောလုံးအဆင့်အတန်းမြင့်ပြီး အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ခက်မှာပါ။ သူတို့နှစ်သင်းမှာ ပါမီးယက်စ်နည်းပြက ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်ကို အကောင်းဆုံးအသုံးချနိုင်တာကြောင့် ပါမီးယက်စ်ကိုပဲ ရွေးရမှာပါ။

**ပါမီးယက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရက်ဘူးလ် | ၁ | - | ၂ | ပါမီးယက်စ် |
| ပါမီးယက်စ် | ၃ | - | ၀ | စီအာရာ |
| ပါမီးယက်စ် | ၀ | - | ၂ | ဖလာမင်ဂို |
| ပါမီးယက်စ် | ၆ | - | ၀ | စပို့တင်း |
| ခရူဇီယို | ၂ | - | ၁ | ပါမီးယက်စ် |

**ပေါ်တိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမာဒိုရာ | ၂ | - | ၀ | ပေါ်တို |
| ပေါ်တို | ၃ | - | ၁ | မိုရီရန်စီ |
| ဘိုအာဘစ္စတာ | ၁ | - | ၂ | ပေါ်တို |
| ပေါ်တို | ၃ | - | ၀ | နေစီယွန်နယ် |
| ဝိုင်ဒက်ဒ် | ၀ | - | ၁ | ပေါ်တို |

## အေတီကိုနဲ့လက်တွဲရမှာပါ

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပီအက်စ်ဂျီအသင်းနဲ့ အေတီကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်မှာဖြစ်ပြီး အေတီကိုအသင်းက အဝေးကွင်းကနေ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ပီအက်စ်ဂျီအသင်းဟာ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုပြိုင်ပွဲကို ဝင်ခွင့်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဒမ်ဘီလီ၊ ဒိုအီ၊ ဗီတင်ဟာ၊ နီဗက်၊ မန်ဒက်၊ ဟာကီမီတို့ရဲ့စွမ်းဆောင်ရည်တွေနဲ့ ဆုဖလားရရှိခဲ့ပေမဲ့ လက်ရှိမှာတော့ တိုက်စစ်က ဒမ်ဘီလီနဲ့ ဘာကိုလာတို့ ဒဏ်ရာကြောင့် အခုပွဲစဉ်ကို ပါနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် တိုက်စစ်ကစားပုံကျဆင်းသွားဖို့ သေချာနေပြီး ခံစစ်ပိုင်းကတော့ တိုက်စစ်လိုက်ပါလွန်းတာကြောင့် ခြေစွမ်းကောင်းတဲ့အသင်းတွေနဲ့ဆို ဂိုးပေးနေရတဲ့အသင်းဖြစ်ပါတယ်။ အခုအဖွင့်ပွဲမှာတော့ အဓိကကစားသမားနှစ်ယောက်မပါနိုင်တာဖြစ်လို့ အေတီကိုအသင်းခံစစ်ကို ကျော်ဖြတ်နိုင်ဖို့ ခက်သွားမှာပါ။

အေတီကိုအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆုမရခဲ့ပေမဲ့ ဗိုလ်လုပွဲသုံးကြိမ်ထိ တက်ရောက်နိုင်ခဲ့တာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ ပီအက်စ်ဂျီအသင်းလို ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံမရှိပေမဲ့ ကစားသမားစုဖွဲ့မှုကတော့ ပီအက်စ်ဂျီထက် မညံ့ဘူးလို့ဆိုရမှာပါ။ လက်ရှိအသင်းမှာ အယ်ဗာရက်၊ ဆိုးလော့၊ ဂရစ်ဇ်မန်း၊ ကော်ရီယာ၊ လီမာ၊ ကိုကီ၊ ဒီပေါ၊ ဂယ်လာဟာ၊ လီနော်မန်း၊ အက်ပီလီကျူလာ၊ လိုရန်တီ၊ အိုဘလက်တို့လို ကစားသမားကောင်းတွေရှိနေပြီး တိုက်စစ်မှူးဆိုးလော့နဲ့ အယ်ဗာရက်ဇ်က ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့ပါတယ်။ နည်းပြဆီမွန်နီကတော့ အသင်းကို ၄-၄-၂ ကစားကွက်နဲ့ အထိုင်ချကစားနေပြီး ကွင်းလယ်နဲ့တိုက်စစ်ကို အားပြုကစားနေတာကို တွေ့ရမှာပါ။ နောက်ဆုံးငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပေမဲ့ တိုက်စစ်က ၁၂ ဂိုးထိသွင်းယူခဲ့ပြီး ခံစစ်က ပေးဂိုး သုံးဂိုးပဲရှိခဲ့တာကို ကြည့်ရင် ပီအက်စ်ဂျီအသင်းထက် ခံစစ်ပိုင်း ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိပီအက်စ်ဂျီအသင်းကတော့ တိုက်စစ်လိုက်ပါလွန်းတာကြောင့် အေတီကိုအသင်းကို ဂိုးပေးရဖို့ သေချာနေပါတယ်။ ဒါကြောင့် ကစားပုံမာကျောတဲ့ အေတီကိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၂ | - | ၁ | အာဆင်နယ် |
| မောင့်ပယ်လီယာ | ၁ | - | ၄ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၃ | - | ၁ | အော့ဇေး |
| ပီအက်စ်ဂျီ | ၃ | - | ၀ | ရိမ်း |
| ပီအက်စ်ဂျီ | ၅ | - | ၀ | အင်တာမီလန် |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၀ | - | ၀ | အေတီကို |
| အေတီကို | ၄ | - | ၀ | ဆိုစီဒက် |
| အိုဆာဆူနာ | ၂ | - | ၀ | အေတီကို |
| အေတီကို | ၄ | - | ၁ | ဘက်တစ် |
| ဂျီရိုနာ | ၀ | - | ၄ | အေတီကို |

ထီလက်မှတ်လက်ဆောင်ပေးရန်
QR Code ဘယ်လိုလုပ်ရမလဲ?

အဆင့် (၁) - "ထီလက်မှတ်ပေးမည်" ကိုနှိပ်ပါ။
အဆင့် (၂) - လက်ဆောင်ပေးလိုသော အကြောင်းအရာနှင့် အမျိုးအစားကိုရွေးချယ်ပါ။
လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ပါ။
ဆုတောင်းစကားရေးပြီး "ထီလက်မှတ်ရွေးချယ်ရန်" ကိုနှိပ်ပါ။
အဆင့် (၃) - ကြိုက်နှစ်သက်ရာ ထီလက်မှတ်များရွေးချယ်ပြီး ငွေပေးချေမှု ပြုလုပ်ပါ။
အဆင့် (၄) - ငွေပေးချေမှု အောင်မြင်ပါက QR Code တစ်ခုအား စနစ်မှ အလိုအလျောက် ဖန်တီးပေးပါမည်။
အဆင့် (၅) - QR Code အား သိမ်း၍သော်လည်းကောင်း၊ တိုက်ရိုက်ဝေမျှ၍သော်လည်းကောင်း၊ ချစ်ခင်ရသူဆီများသို့ ထီလက်မှတ် လက်ဆောင် ပေးနိုင်ပါသည်။

5 Digits
အောင်ဘာလေ အွန်လိုင်းထီ



ထီလက်မှတ်လက်ဆောင်ကို ဘယ်လိုယူရမလဲ?

အဆင့် (၁) - ထီလက်မှတ်သို့ ဝင်ပါ။
အဆင့် (၂) - "ထီလက်မှတ်ရယူမည်" သို့ ဝင်ပါ။
အဆင့် (၃) - ထီလက်ဆောင်ပေးသူ ပေးပို့ထားသော QR Code ကို Scan ဖတ်ပါ။

Call Center 777 (or)
09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်

• ယာဘာ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ လူငယ်များကိုဆွဲဆောင်နိုင်မည့် ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
• ဒီဆေးတွေက ဦးနှောက်အာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား သဘာဝကိုဆန့်ကျင်၍ များပြားစေကာ စိတ်ခံစားတက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး ရေရှည်မှာဦးနှောက်နှင့်ဦးဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။
• ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။




• ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။
• ဒါ့အပြင် ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် အကျဉ်းထောင်ကျ၍ပြစ်ဒဏ်ခံရခြင်းတို့ကို ဖြစ်ပွားစေပါတယ်။



လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းရသူများ၊မှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ


# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧက ၉၉၆၀ ထိ စိုက်ပျိုးပြီးစီး



**မုံရွာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းဧက ၉၉၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၀၁၆ ဧက၊ ဖူးစားပြောင်း ၄၇၂၅ ဧက စုစုပေါင်း ၂၃၇၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၆၂၀၈ ဧက၊ ဖူးစားပြောင်း ၃၇၅၂ ဧက စုစုပေါင်း ၉၉၆၀ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၅ ဧက၊ ဖူးစားပြောင်း ၅၆၇ ဧက၊ ဆွမ္မရာမြို့တွင် ဖူးစားပြောင်း ၄၅ ဧက၊ လဟယ်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၂၈၇ ဧက၊ ဖူးစားပြောင်း ၁၈ ဧက၊ ထန်ပါခွေမြို့တွင် အစေ့ထုတ်ပြောင်း ၆၁၁ ဧက၊ ဖူးစားပြောင်း ရှစ် ဧက၊ နန်းယွန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၇၁၀၊ ဖူးစားပြောင်း ၃၇၅ ဧက၊ ဒုံဟီးမြို့တွင် အစေ့ထုတ်ပြောင်း ၃၂၇ ဧက၊ ဖူးစားပြောင်း ၂၅၁၆ ဧက၊ ပန်ဆောင်မြို့တွင် ဖူးစားပြောင်း ၁၉၈ ဧက၊ ဖူးစားပြောင်း ၂၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ အရှေ့ကန်ဘောင် ကျေးရွာအုပ်စု အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှေ့ကန်ဘောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အရှေ့ကန်ဘောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကောဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၁၀ ကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

We Protect The Family


## ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ပုံမှန်)သင်တန်းများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | လက်ရက်ကန်း (၆)လ သင်တန်း | ၁၀ ဦး |
| (ခ) | ရိုးရာလွန်းရာကျအချိတ် (၆)လ သင်တန်း | ၅ ဦး |
| (ဂ) | ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လ သင်တန်း | ၅ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-
(၁) (က) မှ (ဂ)အထိ သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူများ ဖြစ်ရမည်။
(၂) သင်တန်းတက်ရောက်သူများသည် အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်-
ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၆၃၀၆၅၉၊ ၀၉-၄၂၀၇၁၃၈၆၇၊ ၀၉-၄၂၀၇၁၂၈၃၁(သင်တန်းရေးရာ)
Email - mmsaunder@gmail.com

၄။ အထက်ပါသင်တန်းများအတွက် **(အခမဲ့)** ပညာသင်ကြားခွင့်၊ ရေ၊ မီး၊ အပြည့်အစုံဖြင့် **(အခမဲ့)** အဆောင်နေထိုင်ခွင့်၊ ပညာသင်ထောက်ပံ့ကြေး (၁)လလျှင် ၃၀၀၀၀/- နှင့် စားသောက်စရိတ် (၁) ရက်လျှင် ၁၅၀၀/- နှုန်းတို့ကို ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## MIA ကိုယ်ပိုင်ကျောင်းတွင် လုပ်ကိုင်ရန် ယာဉ်မောင်းဝန်ထမ်းခေါ်ယူခြင်း

- အမျိုးသား (၄)ဦး
- ယာဉ်မောင်းလိုင်စင်ရှိပြီး ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံတို့ကို အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ MIA ကိုယ်ပိုင်ကျောင်း ၅၉ လမ်းနှင့် လမ်း ၄၀ ထောင့် ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း ၀၉-၇၇၀၀၂၂၂၁၁, ၀၉-၈၆၄၄၃၃၃၂၉

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်နေ မောင်စောဝေယံထွန်း (ဘ) ဦးသန်းထွန်းအောင်(၉/ခအဇ(နိုင်)၀၄၂၂၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-206909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၁၂၆၆၆၉၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြတ်သူ (ဘ) ဦးတင်ထွဋ်(၂၄-၆-၂၀၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-266986) (12-11-2020)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၆၃၈၄၆၈၆၄

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ အရှေ့ပိုင်း၊ မင်းတံတားရပ်နေ မအားလူးမီး (ဘ) ဦးလီစောပု(၉/မကန(နိုင်)၁၇၁၆၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၃၇၀၂၉၄

## ပျောက်ဆုံးကြောင်း

ကျွန်မ မဟိန်းမြတ်သူ (ဘ) ဦးတင်ထွဋ် (၂၅-၄-၂၀၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-266987) (12-11-2020)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၆၃၈၄၆၈၆၄

## ပျောက်ဆုံးကြောင်း

ကျွန်မ မရွှေရည်ဆွေ (ဘ) ဦးဆွေဝင်း(၁၉-၁-၁၉၈၇)(၅/ဟမလ(နိုင်)၀၆၈၁၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-266984) (12-11-2020)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၃၈၄၆၈၆၄

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ စစ်ကန်းရပ်နေ မမြတ်မြတ်မာ (ဘ) ဦးရဲထွန်း (၉/မကန (နိုင်)၁၁၅၅၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၃၇၆၇၅၆၁

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ကုလားရွာကျေးရွာနေ ကျွန်တော် ဦးအောင်သူစိုး (ဘ) ဦးမြင့်နိုင် (၉/အမရ(နိုင်) ၁၂၉၅၃၄)ကိုင်ဆောင်သူမှ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ကုလားရွာကျေးရွာရှိ အရှေ့မှ အနောက် (၃၃)ပေ၊ တောင်မှမြောက် ပေ (၇၀) အကျယ်အဝန်းရှိ မြေကွက်ပိုင်ဆိုင်သူများဖြစ်သော ဦးရှိုင်းထက်အောင် (ဘ) ဦးလင်းအောင်(၉/အမရ(နိုင်)၁၄၇၀၆၁)၊ ဒေါ်နွယ်နီအောင် (ဘ) ဦးဝင်းအောင်(၉/အမရ(နိုင်)၁၄၀၄၁၀) ကိုင်ဆောင်သူတို့ထံမှ (၁၀-၆-၂၀၂၅)ရက်နေ့တွင် တရားဝင် အရောင်းအဝယ်စာချုပ်ချုပ်၍ လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကျွန်တော်ဦးအောင်သူစိုးသာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သူစိုး
(၉/အမရ(နိုင်)၁၂၉၅၃၄)

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မြတ်သူ (ဘ) ဦးတင်ထွဋ် (၁၈-၄-၂၀၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-266985) (12-11-2020)မှာ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၆၃၈၄၆၈၆၄


**အဖိုးတန် ရေချိုကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်...**

**❖ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းက တီမောလက်စ်တေအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်

ရန်ကုန် ဇွန် ၁၃

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲက မြန်မာအမျိုးသမီးအသင်းနှင့် တီမောလက်စ်တေအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၄ ❖

**ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကမ္ဘာ့အဆင့် (၅၅)နေရာ၌ ရပ်တည်**

စာမျက်နှာ- ၉

## KNU အဖွဲ့က အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး အရပ်ဘက်မော်တော်ယာဉ်တစ်စီးကို မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ KNU အဖွဲ့က အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ခရီးသွားပြည်သူများ စီးနင်းလာသည့် မော်တော်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ




နေပြည်တော် ဇွန် ၁၃

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများကို ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန် ရည်ရွယ်၍ လမ်း၊တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့မှ ကျိုက်ထိုမြို့ဘက်သို့ ထွက်ခွာလာသည့် ယာဉ်မောင်း ကိုမျိုးမင်းခန့်မောင်းနှင်ပြီး ခရီးသွားပြည်သူအမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့

စာမျက်နှာ ၂၂ ကော်လံ ၁☆

